# U.S. DEPARTMENT OF STATE

**နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ၊ ၂၀၀၉ ခုနှစ်**
**ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဗျူရို**
**အောက်တိုဘာ ၂၆၊ ၂၀၀၉ ခုနှစ်**

## မြန်မာနိုင်ငံ

၁၉၆၂ ခုနှစ်မှစ၍ အလွန်ဖိနှိပ်သော အာဏာရှင်စစ်အစိုးရအဆက်ဆက်က နိုင်ငံကို အုပ်ချုပ်လာခဲ့သည်။ ၂၀၀၈ ခုနှစ် မေတွင် အစိုးရက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မဲဆန္ဒရှင်များက အခြေခံဥပဒေမူကြမ်းကို အတည်ပြုလိုက်ပြီဟု ကြေညာခဲ့သည်။ ဆန္ဒခံယူပွဲကျင်းပပုံမှာ အားနည်းချက် ဟာကွက်များရှိသည်ဟု ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် ကမ္ဘာ့အသိုင်းအဝိုင်းက ထိုရလဒ်ကို အကြောင်းပြဝေဖန်ခဲ့သည်။ အခြေခံဥပဒေသစ်တွင် ဘာသာရေးလွတ်လပ်ခွင့်ပါဝင်ပါ၏။ သို့သော် အစိုးရက ထိုလွတ်လပ်ခွင့်များကို ထင်သလို ကန့်သတ်နိုင်ရန်ခွင့်ပြုသော ခြွင်းချက်တွေလည်း အများအပြားပါဝင်နေသည်။ ယေဘုယျအားဖြင့် အာဏာပိုင်များက ပြည်သူတို့စိတ်တိုင်းကျဝတ်ပြုကိုးကွယ်ခွင့်ပေးထားသော်လည်း အချို့သောဘာသာရေးကိစ္စဆောင်ရွက်မှုများကို ကန့်သတ်ချုပ်ချယ်ပြီး ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သည်။

အစီရင်ခံသောကာလအတွင်း ဘာသာရေးလွတ်လပ်ခွင့်အပေါ် အစိုးရ၏ လေးစားမှုသည် အားနည်းမြဲအားနည်းနေဆဲဖြစ်ပြီး အပြောင်းအလဲမရှိ။ ဘာသာရေးလှုပ်ရှားသူများနှင့် အဖွဲ့အစည်းများသည် လွတ်လပ်စွာပြောဆို ခွင့်ကန့်သတ်ခံရ၏။ စည်းရုံးခွင့်နှင့် စုဝေးခွင့်လည်း ကန့်သတ်ခံရ၏။ ဘာသာရေးအသင်းအဖွဲ့များအပါအဝင် အသင်းအဖွဲ့အားလုံးနီးပါး၏ အစည်းအဝေးများကို အစိုးရကစောင့်ကြည့် (ထောက်လှမ်း) လျက်ရှိသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ လူ့အခွင့်အရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုကို အစိုးရက ဆက်လက်ပြီး စနစ်တကျ ဟန့်တားပိတ်ပင်နေဆဲဖြစ်၏။ အထင်ကရ ဦးဆောင်လှုပ်ရှားသူ အရှင်ဂမ္ဘီရ အပါအဝင် ၂၀၀၇ ခုနှစ် စက်တင်ဘာ ဒီမိုကရေစီရေး ဆန္ဒပြပွဲနောက်ပိုင်းတွင် ဖမ်းဆီးခံရသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးအမြောက်အမြားသည် ထောင်ဒဏ်နှစ်ရှည် စီရင်ခံထားကြရ၏။ ထို့ပြင် အစိုးရက အခြားဘာသာများထက်ပိုပြီး ထေရဝါဒဗုဒ္ဓဘာသာကို ချီးမြှောက်အားပေးသည်။ အထူးသဖြင့် လူနည်းစုများအကြားတွင် ဖြစ်၏။ ခရစ်ယာန်နှင့် အစ္စလာမ်အဖွဲ့များသည် ရှိနေသော ဘာသာရေးအဆောက်အအုံများကို ပြင်ဆင်ရန်ဖြစ်စေ၊ အသစ်ဆောက်ရန်ဖြစ်စေ ခွင့်ပြုချက် ရရှိရန်အတွက် ခက်ခက်ခဲခဲ ဆက်လက်ကြိုးပမ်းနေကြရသည်။ မူဆလင်များ၏ လုပ်ငန်းအရပ်ရပ်ကို အစိုးရက ဆက်လက်ပြီး ထောက်လှမ်းကြည့်ရှုနေသည်။ ဗုဒ္ဓဘာသာမဟုတ်သော လူနည်းစုဘာသာရေးအဖွဲ့များ၏ ဘာသာရေးကိုးကွယ်မှုကို ဆက်လက်ပြီး ကန့်သတ်ဟန့်တားနေသည်။ အဓမ္မ ဇွတ်အတင်း ဘာသာပြောင်းခိုင်းသော ဖြစ်ရပ်သစ်များ ထပ်မံဖြစ်ပွားသည်ဟု သတင်းမရရှိသော်လည်း ကျောင်းသားများနှင့် ဝင်ငွေနည်းပါးသော လူစုများကို ဗုဒ္ဓဘာသာထဲဝင်ရန် အစိုးရက ဖိအားပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်မှ သို့မဟုတ် ဗုဒ္ဓဘာသာဝင်အဖြစ် ဘာသာပြောင်းမှသာ အဆင့်မြင့်အစိုးရရာထူးနှင့် စစ်ဘက်ရာထူးများ ရရှိရန် ကြိုတင်လိုအပ်ချက်နှင့် ပြည့်စုံသည်။

ယခုအစီရင်ခံသောကာလအတွင်း ဗုဒ္ဓဘာသာလူများစုနှင့် ခရစ်ယာန်၊ မူဆလင်လူနည်းစုများအကြား လူမှုရေးတင်းမာမှုများ ဆက်လက်ပြီး ရှိနေသည်။ အာရှတောင်ပိုင်းသားအများစုကြီးအပေါ် အထင်သေးအမြင်သေး နှိမ့်ချဆက်ဆံမှုများရှိနေသည်။ သူတို့ထဲမှ အများစုသည် မူဆလင်များဖြစ်၏။ အစိုးရအနေနှင့် ဘာသာရေးခွဲခြားဆက်ဆံမှုနည်းပါးသော်လည်း ဗုဒ္ဓဘာသာကို အသားပေးသောကိစ္စများမှာ တကယ်ရှိနေသည်။

အမေရိကန်ပြည်ထောင်စုအစိုးရက လူ့အဖွဲ့အစည်းကဏ္ဍစုံအလွှာစုံတွင် ဘာသာရေးလွတ်လပ်ခွင့်မြှင့်တင်ရန် တောင်းဆိုပြောကြားလျက်ရှိသည်။ အစိုးရအရာရှိများ၊ ဘာသာရေးရှေ့ဆောင်ပုဂ္ဂိုလ်များ၊ သာမန်နိုင်ငံသားများ၊ စာတတ်ပေတတ်ပုဂ္ဂိုလ်များ၊ အခြားအစိုးရများ၏ သံတမန်များ၊ နိုင်ငံတွင်းစီးပွားရေးလုပ်ငန်းများအပြင် သတင်းနှင့် ပြန်ကြားရေးမှ ပုဂ္ဂိုလ်များ

အကျုံးဝင်ရန်ဖြစ်၏။ သံအရာရှိများက အစိုးရမဟုတ်သောအဖွဲ့အစည်း (အင်န်ဂျီအို)များ နှင့် ဘာသာရေးရှေ့ဆောင်ပုဂ္ဂိုလ်များကို အားပေးကူညီခဲ့ပြီး သတင်းဆက်သွယ်ရေးလမ်းကြောင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ မဆောင်ရွက်ပါက လူ့အခွင့်အရေး လှုံ့ဆော်တောင်းဆိုသော အင်န်ဂျီအိုများ၊ ဘာသာရေးဦးဆောင်ပုဂ္ဂိုလ်များသည် ကူညီသူမရှိ အထီးကျန်ဖြစ်လိမ့်မည်။ ၁၉၉၉ ခုနှစ်မှစပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံစုံဘာသာရေးလွတ်လပ်ခွင့် အက်ဥပဒေအရ မြန်မာနိုင်ငံကို "အထူးစိုးရိမ်ပူပန်ရသောနိုင်ငံ" အဖြစ် သတ်မှတ်ထားခဲ့သည်။ အမေရိကန်အစိုးရအနေနှင့် လူ့အခွင့်အရေးချိုးဖောက်သော မြန်မာနိုင်ငံအပေါ် တားမြစ်ပိတ်ပင်မှု အတော်များများပြဋ္ဌာန်းထားသည်။ ၂၀၀၈ ခုနှစ် ဇူလိုင်တွင် ဥပဒေအဖြစ် အာဏာသက်ဝင်အောင် သမ္မတက လက်မှတ်ထိုးပြီး ပြဋ္ဌာန်းခဲ့သော "တွမ်လင်းတော့စ်နှင့် အဖွဲ့တင်သွင်းသည့်မြန်မာစစ်အာဏာရှင် ဆန့်ကျင်ရေး ဥပဒေ" (Tom Lantos Block Burmese Junta Anti-Democratic Efforts-JADE) က အထက်ပါတားမြစ်ပိတ်ပင်မှုများကို ထပ်မံပြီး အားဖြည့်လိုက်သည်။

## အပိုင်း ၁။ ဘာသာဝင်လူဦးရေ

မြန်မာနိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁,၉၇၀ ရှိပြီး၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ ခန့်မှန်းချက်အရ လူဦးရေသန်း ၅၀ ရှိသည်။ လူများစုက ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည်။ သို့သော် လက်တွေ့တွင် လူများစု လက်ခံသော မြန်မာဗုဒ္ဓဘာသာသည် ဗေဒင်နက္ခတ်၊ အင်းအိုင်၊ အကြားအမြင်ဗေဒင်နှင့် ဗုဒ္ဓဘာသာမရောက်ရှိမီက ရှိပြီးဖြစ်သော နတ်ကိုးကွယ်မှု စသည်တို့ ရောထွေးနေသည်။ ဗုဒ္ဓဘာသာရဟန်းသာမဏေ လေးသိန်းကျော်ရှိသည်။ အားလုံးဆွမ်းသင်္ကန်းအတွက် တကာ၊ တကာမများအပေါ် မှီခိုအားထားကြရ၏။ ဗုဒ္ဓဘာသာသီလရှင်ဦးရေမှာ ရဟန်းသာမဏေထက် အများကြီးနည်းသည်။ လူနည်းစုကိုးကွယ်သော အထင်ကရဘာသာများမှာ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဖြစ်သည်။ ခရစ်ယာန်တွင် ဘက်ပတစ်၊ ရိုမန်ကက်သလစ်နှင့် အင်္ဂလီကန်အပြင် အခြားပရိုတက်စတင့်ဂိုဏ်းခွဲများပါဝင်သည်။ မူဆလင်တွင် ဆွန်နီအဓိကပါဝင်၏။ ထို့ပြင် တရုတ်ရိုးရာဘာသာကိုးကွယ်သူများလည်း ရှိသည်။ အစိုးရစာရင်းဇယားအရ ၉၀ ရာခိုင်နှုန်းကျော် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ခရစ်ယာန် ၄ ရာခိုင်နှုန်း၊ အစ္စလာမ် ၄ ရာခိုင်နှုန်းပါဝင်သည်။ ဤစာရင်းဇယား ဖော်ပြချက်တွင် ဗုဒ္ဓဘာသာမဟုတ်သော လူဦးရေသည် တကယ့်ဦးရေထက် လျော့နည်းနေသည်မှာ သေချာသည်။ လွတ်လပ်သော ပညာရှင်သုတေသီများက မူဆလင်လူဦးရေ ၆ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်းရှိသည်ဟု ဆို၏။ ဂျူးဘာသာဝင်လူဦးရေ အနည်းငယ်ရှိပြီး ၄င်းတို့ဝတ်ပြုကိုးကွယ်သော ဆိုင်နာဂေါက် ဘုရားကျောင်းရှိသည်။ သို့သော် ဂျူးဓမ္မဆရာ မရှိ၊ ဘာသာဝင်ဦးရေလည်း အလွန်နည်းပါးသောကြောင့် စုပေါင်းဝတ်ပြုပွဲ မဖြစ်မြောက်ပါ။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအများအပြားနေထိုင်သည်။ လူမျိုးအလိုက် ကိုးကွယ်သော ဘာသာကွဲပြားသည့် လက္ခဏာလည်းတွေ့ရသည်။ လူများစုဖြစ်သော ဗမာနှင့် နိုင်ငံအရှေ့ပိုင်းမှ ရှမ်း၊ အနောက်ဘက်မှ ရခိုင်နှင့် တောင်ပိုင်းမှ မွန်လူမျိုးအများစုက ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည်။ မြောက်ပိုင်းနေ ကချင်တိုင်းရင်းသားများနှင့် အနောက်ပိုင်းမှ ချင်းနှင့် နာဂတိုင်းရင်းသားများတွင် အများစုက ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ သို့သော် တိုင်းရင်းသားရိုးရာဘာသာများ ဆက်လက်ကိုးကွယ်သူများ ရှိနေဆဲဖြစ်သည်။ ချင်းပြည်နယ်တွင် မကြာသေးသော ကာလအတွင်း ရိုးရာနတ်ကိုးကွယ်သူဦးရေ အလျင်အမြန် တိုးတက်လာသည်ဟု ပရိုတက်စတင့်ဂိုဏ်းများဘက်မှ သိရှိရသည်။ နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းနေ ကရင်နှင့် အရှေ့ပိုင်းမှ ကရင်နီလူမျိုးအများစုကလည်း ခရစ်ယာန်ဘာသာကိုးကွယ်သည်။ သို့သော် ဗုဒ္ဓဘာသာဝင် ကရင်နှင့် ကရင်နီလည်း အများအပြားရှိ၏။ ကရင်မူဆလင်လည်း ရှိသည်။ နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းမြို့ကြီးများတွင် အများဆုံးနေထိုင်သော အိန္ဒိယနွယ်ဖွားမြန်မာနိုင်ငံသားများတွင် အများစုက ဟိန္ဒူဘာသာဝင် ဖြစ်၏။ သို့သော် အိန္ဒိယနွယ်ဖွား ခရစ်ယာန်ဘာသာဝင် အချို့ရှိ၏။ ရခိုင်ပြည်နယ်တွင် အစ္စလာမ်ဘာသာဝင် အများအပြားရှိသည်။ ၄င်းပြည်နယ်တွင် ရိုဟင်ဂျာလူနည်းစု အများဆုံး ကိုးကွယ်သော ဘာသာဖြစ်၏။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတွင် ဗမာအနည်းငယ်နှင့် အိန္ဒိယနွယ်ဖွားများ၊ ဘင်္ဂါလီလူမျိုးများက အစ္စလာမ်ဘာသာ ကိုးကွယ်သည်။ တရုတ်နွယ်ဖွားများက ရိုးရာတရုတ်ဘာသာများ ကိုးကွယ်ကြသည်။ တောင်ပေါ်ဒေသများတွင် တိုင်းရင်းသားရိုးရာ ဘာသာကိုးကွယ်မှု များပြားသည်။ တိုင်းရင်းသားရိုးရာ ယုံကြည်မှုများသည် ဗုဒ္ဓဘာသာထုံးတမ်းများတွင် ရောနှောပါဝင်နေဆဲ ဖြစ်၏။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ပိုပြီးများပြားသည်။

## အပိုင်း ၂။ အစိုးရ၏ ဘာသာရေးလွတ်လပ်ခွင့်အပေါ် လေးစားမှုအခြေအနေ

### ဥပဒေရေးရာနှင့် မူဝါဒအခြေခံ

၁၉၆၂ ခုနှစ်မှစပြီး အလွန်အမင်းအာဏာရှင်ဆန်သော စစ်အစိုးရအဆက်ဆက်က နိုင်ငံကို အုပ်ချုပ်လာခဲ့သည်။ ၁၉၄၈ ခုနှစ် နိုင်ငံလွတ်လပ်ရေးရရှိချိန်မှစပြီး တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများသည် အစိုးရကို တော်လှန်ပုန်ကန်သော သူပုန်အခြေစိုက်ဒေသများ ဖြစ်နေသည်။ ၁၉၈၉ ခုနှစ်မှစပြီး အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုနှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီး သဘောတူညီမှု ရရှိခဲ့သော်လည်း ဆက်လက်တိုက်ခိုက်ဆဲ ရှမ်း၊ ကရင်နှင့် ကရင်နီသောင်းကျန်းသူများ ရှိနေသေးသည်။ အရပ်သားအစိုးရနှင့် စစ်အစိုးရအဆက်ဆက်က လွတ်လပ်စွာ ဘာသာရေးဆည်းကပ်ကိုးကွယ်မှုကို နိုင်ငံစည်းလုံး ညီညွတ်ရေးနှင့် ဗဟိုအစိုးရ၏ အာဏာကို ထိပါးစေနိုင်သော ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်ခဲ့သည်။

လက်ရှိအာဏာရအစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) က ၁၉၈၈ ခုနှစ်မှစပြီး အခြေခံဥပဒေ မရှိ၊ ဥပဒေပြုအဖွဲ့ မရှိဘဲ နိုင်ငံကို အုပ်ချုပ်လျက်ရှိသည်။ ၂၀၀၈ ခုနှစ် မေတွင် အခြေခံဥပဒေမူကြမ်းကို နိုင်ငံလုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲကြီးက ဆန္ဒမဲ ၉၂ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပြီးဖြစ်ကြောင်း အစိုးရကကြေညာခဲ့သည်။ ၎င်းအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ရန် စီစဉ်ထားသော ပါလီမန် (လွှတ်တော်) အစည်းအဝေးမတိုင်မီအထိ လက်ရှိ နအဖအစိုးရက "အချုပ်အခြာအာဏာ" ကို ကိုင်တွယ်အုပ်ချုပ်သွားမည်။ ဆန္ဒခံယူပွဲဥပဒေတွင် နိုင်ငံသားများနှင့်အတူ လူနည်းစုတိုင်းရင်းသားအများစုကို ဆန္ဒပေးပိုင်ခွင့် ရှိသည်ဟု ဖော်ပြထားသည်။ သို့သော် ထိုဥပဒေက သာသနာ့ဝန်ထမ်းများနှင့် အကျဉ်းကျခံနေရသူများကို ဆန္ဒမဲပေးခွင့်မပြု။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသားများ ပါဝင်သည်။

ဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာသော သံတမန်များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အတော်များများက ဆန္ဒခံယူပွဲကို တရားမျှတမှုမရှိ၊ လုပ်ကိုင်ဆောင်ရွက်ရာတွင် လူအများရှေ့ သိသာမြင်သာလုပ်ဆောင်ခြင်း မရှိကြောင်း တွေ့မြင်ရသည်ဟု ပြောဆိုပြီး ဆန္ဒခံယူပွဲ၏ ရလဒ်ကို "လက်ခံကြမှာလား" ဟု မေးခွန်းထုတ်ခဲ့ကြသည်။

အခြေခံဥပဒေသစ်တွင် ဘာသာရေးလွတ်လပ်ခွင့်ပေးကြောင်း ဖော်ပြထားပါသည်။ သို့သော် "အများပြည်သူ စည်းကမ်း သေဝပ်ရေး၊ စာရိတ္တထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် အခြေခံဥပဒေက သတ်မှတ်သော အခြားကိစ္စများ" ဟု အကြောင်းအမျိုးမျိုး ပြပြီး ၎င်းပေးထားသော လွတ်လပ်ခွင့်ကို အစိုးရက ချုပ်ချယ်နိုင်အောင် ခြွင်းချက်များထည့်သွင်းထားသည်။ "ဗုဒ္ဓဘာသာသည် နိုင်ငံသားအများစု ကိုးကွယ်ဆည်းကပ်သော ဘာသာအဖြစ် ဝိသေသလက္ခဏာရှိသည်" ဟူ၍ အခြေခံဥပဒေတွင် အတိအလင်း ထည့်သွင်းထားသည်။ သို့သော် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်မှုကို နိုင်ငံတော်တွင် ရှိနေသော ဘာသာများအဖြစ် အသိအမှတ်ပြုသည်။ ထို့ပြင် အသိအမှတ်ပြုထားသော ဘာသာများကို အစိုးရက ထောက်ပံ့ကူညီရမည်ဟူ၍လည်း ပြဋ္ဌာန်းထား သည်။

ဘာသာရေးကို အကြောင်းပြုပြီး ခွဲခြားဆက်ဆံမှုမပြုရဟူ၍ အခြေခံဥပဒေက တားမြစ်ထားသည်။ အသိအမှတ်ပြု ထားသော ဘာသာများအတွက် ယေဘုယျအားဖြင့် ဘာသာဝင်အများစုသည် မိမိဆန္ဒရှိသလို ကိုးကွယ်ခွင့်ရရှိကြပါ၏။ သို့သော် အစိုးရက အချို့သော ဘာသာရေးပွဲလမ်းများအပေါ် မကြာခဏကန့်သတ်ချုပ်ချယ်လေ့ရှိသည်။ ဘာသာရေးလွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခြင်းခံရလျှင် အခွင့်အရေးဆုံးရှုံးမှုအတွက် တရားမျှတအောင် တောင်းခံပိုင်ခွင့်ရှိသည်ဟု အခြေခံဥပဒေတွင် ခွင့်ပြုထားသည်။ သို့သော် ထိုသို့ တောင်းဆိုမှုများကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းရမည်ဟု သတ်မှတ်ဖော်ပြထားချက် မပါရှိပါ။ ထို့ပြင် ဘာသာရေးခွဲခြားမှု ဆန့်ကျင်ရေးဥပဒေများသည် "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ" က အသိအမှတ်ပြုသော စာရင်းတွင် မပါဝင်သည့် တိုင်းရင်းသားလူမျိုးများအတွက် အကျုံးမဝင်ပါ။ ဥပမာ ရခိုင်ပြည်နယ်မြောက်ပိုင်းနေ နိုင်ငံမဲ့ မူဆလင်ရိုဟင်ဂျာများ အတွက် ထိုဥပဒေက အကာအကွယ်မပေးပါ။

ထို့ပြင် "နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အလွဲသုံးစားမလုပ်ရ" ဟု အခြေခံဥပဒေက တားမြစ်ပိတ်ပင်ပြီး "စိတ်ဝမ်းကွဲပြားမှုဖြစ်စေနိုင်သော မည်သည့်အလုပ်ကိုမဆို ပြုလုပ်သူအား တရားဥပဒေအရ အရေးယူနိုင်သည်"ဟု ပြဋ္ဌာန်းထား ပြန်သည်။ "သာသနာ့ဝန်ထမ်းများကို ရွေးကောက်ပွဲဝင်ခွင့်မပြုရ" ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်လည်း ရှိသေးသည်။ "နိုင်ငံရေးအတွက် ဘာသာသာသနာတစ်ရပ်ကို ထိပါးပြောဆိုခြင်း မပြုရ" ဟု မြန်မာနိုင်ငံဥပဒေတွင် ပါရှိသည်။ အီလက်ထရွန်းနစ်

ဆက်သွယ်ရေးအက်ဥပဒေ၊ လူဝင်မှုအက်ဥပဒေ၊ တရားမဝင်အသင်းအဖွဲ့အက်ဥပဒေအစရှိသော ဘာသာရေးနှင့် မဆိုင်သည့် ဥပဒေများကို အသုံးချ၍လည်း အစိုးရက ဘာသာရေးနှင့် နိုင်ငံရေးလှုပ်ရှားသူများကို အရေးယူလေ့ရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်ဘာသာဟူ၍ တရားဝင်ပြဌာန်းသတ်မှတ်ထားခြင်း မရှိသော်လည်း အရပ်သားအစိုးရရော၊ စစ်အစိုးရ အဆက်ဆက်ကပါ ထေရဝါဒ ဗုဒ္ဓဘာသာကို သိသာပေါ်လွင်စွာ အားပေးချီးမြှောက်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ပြဌာန်းရန် အစိုးရ၏ အားထုတ်ကြိုးပမ်းမှုမှာ နိုင်ငံအဝန်း လူနည်းစုဘာသာဝင်များ၏ ဆန့်ကျင် ကန့်ကွက်မှုကြောင့် အထမမြောက်ခဲ့ပါ။ လက်တွေ့တွင် အစိုးရက ထေရဝါဒဗုဒ္ဓဘာသာကို ဆက်လက်ဦးစားပေးလျက်ရှိသည်။ အစိုးရဝါဒဖြန့်လုပ်ငန်းက အစိုးရဦးဆောင် ကျင်းပသော ဘာသာရေးပွဲလမ်းများကို ဖော်ပြသည်။ ဘုန်းကြီးကျောင်းများအတွက် အလှူဒါနပြုပြီး၊ ကျေးလက်ဘုန်းတော်ကြီးကျောင်း ပညာရေးအားပေးမှုများအပြင် ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းအတွက် ထောက်ပံ့လှူဒါန်းမှုစသည်ဖြင့် ထေရဝါဒဗုဒ္ဓဘာသာကို ဦးစားပေးနေသည်။ စစ်ဘက်နှင့် အရပ်ဘက်တွင် ဗုဒ္ဓဘာသာဝင်များကိုသာ ရာထူးတိုးပေးသည်။ သာသနာရေးဝန်ကြီးဌာနလက်အောက်တွင် အလွန်အင်အားကြီးသော (ဗုဒ္ဓစာပေသင်ကြားရေးပါလုပ်ဆောင်သည့်) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ရှိပါသည်။

ဗုဒ္ဓဘာသာဆရာတော် သံဃာတော်များကို အစိုးရအရာရှိကြီးများ၊ မိသားစုများရှိခိုးကန်တော့နေပုံကို နိုင်ငံပိုင် သတင်းမီဒီယာများက မကြာခဏဖော်ပြလေ့ရှိသည်။ ဘုရားတွင် လှူဒါန်းနေပုံ၊ ဘုရားတည်ကျောင်းဆောက်၊ ဘုရားပြင်ကျောင်းပြင်၊ အများပြည်သူကောင်းမှုဖြင့် အလှူဒါနပြုအခမ်းအနားများတွင် ပါဝင်ကြပုံကို သတင်းစာနှင့် ရုပ်မြင်သံကြားတွင် ဖော်ပြသည်။ အများပြည်သူကောင်းမှုဟုဆိုသော်လည်း ဘုရားကျောင်းပြုပြင်ရာ၌ အခကြေးငွေ မပေးဘဲ လုပ်အားပေးရန် ခိုင်းစေမှုများပါဝင်သည်။ နိုင်ငံပိုင်သတင်းစာများ မျက်နှာဖုံးတွင် ဗုဒ္ဓစာပေမှ ကောက်နုတ်ချက်များကို ဆောင်ပုဒ်အဖြစ် ပုံမှန်ဖော်ပြလျက်ရှိနေသည်။ ဗုဒ္ဓဘာသာ သင်ခန်းစာစာအုပ်များ အစိုးရက ထုတ်ဝေသည်။

ဗုဒ္ဓဘာသာသံဃာ့အဖွဲ့အစည်းကို အစိုးရကထိန်းချုပ်ထားပြီး လုပ်ငန်းဆောင်တာများကို ကန့်သတ်ထားသည်။ ၁၉၉၀ ပြည့်နှစ် သံဃာ့အဖွဲ့အစည်းဥပဒေအရ အစိုးရက အသိအမှတ်ပြုသံဃာဂိုဏ်း ကိုး ဂိုဏ်းအပြင် နောက်ထပ် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းခွင့်မပြု၊ တားမြစ်ထားသည်။ ဤတားမြစ်ချက်ကို ကျူးလွန်လျှင် ရဟန်းကို လူဝတ်လဲစေပြီး ရာဇဝတ်ကြောင်းဖြင့်လည်း အရေးယူသည်။ အသိအမှတ်ပြု ဂိုဏ်း ကိုးဂိုဏ်းက သံဃာ့မဟာနာယကအဖွဲ့၏ အမိန့်အာဏာကို ခံယူရသည်။ သံဃာ့မဟာနာယကအဖွဲ့ဝင်များကို သံဃာများက သွယ်ဝိုက်သောနည်းဖြင့် ရွေးကောက်တင်မြှောက်ရသည်။

ဘုန်းတော်ကြီးများ၊ ဘုန်းကြီးကျောင်းများနှင့် ဆက်သွယ်ရေးကို သာသနာရေးဝန်ကြီးဌာန လက်အောက်ခံ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက တာဝန်ယူလုပ်ဆောင်သည်။ သံဃာ့မဟာနာယကအဖွဲ့ကြီး၏ ကြီးကြပ်မှုဖြင့် စာပေသင်ကြားပို့ချပေးနေသော ရန်ကုန်နှင့် မန္တလေးရှိ နိုင်ငံတော်သံဃာ့တက္ကသိုလ် (ပရိယတ္တိသာသနာ့တက္ကသိုလ်ကိုဆိုလို) နှစ်ခုကို အစိုးရက ဆက်လက်ပြီး ငွေကြေးထောက်ပံ့လှူဒါန်းနေသည်။ ၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်သော နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ထောက်ပံ့သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ရည်ရွယ်ချက်ကို "မြန်မာနိုင်ငံသိရှိထားသော ဗုဒ္ဓတရားတော်ကို ကမ္ဘာသို့ ဖြန့်ဝေရန်" ဟု ကြေညာထုတ်ပြန်ပြီး ခံယူထားသည်။

အစိုးရမူလတန်းကျောင်းများတွင် ဗုဒ္ဓဘာသာ (သင်ခန်းစာ) သည် အစိုးရပြဌာန်းသင်ရိုးတွင် ပါဝင်နေ၏။ ကျောင်းသားများသည် ဗုဒ္ဓဘာသာသင်တန်းမတက်ဘဲ နေခွင့်ရှိသည်။ မတက်ဘဲနေသူများလည်း ရှိသည်။ သို့သော် နေ့စဉ်ကျောင်းသားအားလုံး ဗုဒ္ဓဘာသာဘုရားရှိခိုး ရွတ်ဆိုကြရသည်။ ရွတ်ဆိုနေစဉ် မူဆလင်ကျောင်းသားများ စာသင်ခန်းအပြင် ထွက်နေခွင့်ရသည်။ သို့သော် ဗုဒ္ဓဘာသာမဟုတ်သော ကျောင်းသားများပါ ဇွတ်အတင်း ဘုရားစာရွတ်ဆိုခိုင်းသော ကျောင်းများလည်းရှိသည်။

အများပြည်သူအားလပ်ရက်များတွင် ဗုဒ္ဓဘာသာအထွတ်အမြတ်နေ့အတော်များများ ပါဝင်သည့်အပြင် ခရစ်ယာန်၊ မူဆလင်နှင့် ဟိန္ဒူဘာသာရေးနေ့များလည်း ပါဝင်သည်။ အစိုးရသတ်မှတ်သော အများပြည်သူအားလပ်ရက်များတွင် တပေါင်းလပြည့်နေ့၊ သင်္ကြန်ကာလ လေးရက် (ရေသဘင်ပွဲ)၊ ဗုဒ္ဓဘာသာများအတွက် နှစ်သစ်ကူးနေ့ (နှစ်ဆန်းတစ်ရက်ကိုဆိုလို)၊ ကဆုန်လပြည့်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ ခရစ္စမတ်၊ အိဒူအာလ်ဟဝါနှင့် ဒီပါဝါလီပွဲနေ့များ ပါဝင်သည်။

၁၉၆၀ ပြည့်လွန်ကာလမှစပြီး ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးအဖွဲ့များသည် ပြည်ပမှ ဘာသာရေးစာအုပ် စာတမ်း တင်သွင်းရန် အခက်အခဲကြုံတွေ့နေသည်။ ဘာသာရေးစာပေနှင့် လောကီစာပေအားလုံးကို စာပေစိစစ်ရေးအဖွဲ့က ကိုင်တွယ်ထိန်းချုပ်ထားသည်။ ပြည်ပတွင်ပုံနှိပ်သော ပြည်တွင်းသုံးဘာသာစာပေနှင့် ခရစ်ယာန်သမ္မာကျမ်းကို ပြည်တွင်း တင်သွင်းခွင့်မရှိ၊

ဥပဒေနှင့် ငြိစွန်းသည်။ ကိုရ်အန်ကျမ်းအပါအဝင် တိုင်းရင်းသားစာပေနှင့် ဘာသာရေးစာပေများ စောင်ရေ အကန့်အသတ်နှင့် ပုံနှိပ်ခွင့် သို့မဟုတ် မိတ္တူပွားခွင့်ကို အခါအားလျော်စွာ အာဏာပိုင်များက ခွင့်ပြုပါ၏။ (သို့သော် ကန့်သတ် ပုဂ္ဂလိကသုံး အမှတ်သင်္ကေတ ထည့်ပြီးမှ ပွားခွင့်ရနိုင်သည်။ အစိုးရစာပေစိစစ်ရေး၏ ကြိုတင်ခွင့်ပြုချက်မလိုပါ။)

ဘာသာရေးနှင့် ပတ်သက်သည်ဖြစ်စေ မပတ်သက်သည်ဖြစ်စေ အသင်းအဖွဲ့ဟူသမျှ အားလုံးနီးပါး အစိုးရထံ မှတ်ပုံတင်ရသည်။ ဘာသာရေးအသင်းအဖွဲ့များသည် သာသနာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ယူ၍ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရသည်။ အစိုးရအမိန့်စာတစ်ရပ်အရ အစစ်အမှန် ဘာသာရေးအသင်းအဖွဲ့များကို တရားဝင်မှတ်ပုံတင်ရန်မလိုဟု ကင်းလွတ်ခွင့်ပေးထားသည်။ သို့သော် လက်တွေ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့များသာ ဘဏ်ငွေစာရင်းဖွင့်ခွင့်၊ မြေကွက်ဝယ်ခွင့်၊ ရောင်းချခွင့် ရရှိကြ၏။ ဤပြဋ္ဌာန်းချက်များကြောင့် ဘာသာရေးအသင်းအဖွဲ့အများစုက မှတ်ပုံတင်ကြသည်။ (မှတ်ပုံတင်လက်မှတ်ရအောင် အားထုတ်ကြရသည်။) မှတ်ပုံတင်သော ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များသည် မှတ်ပုံမတင်သော အသင်းအဖွဲ့ခေါင်းဆောင်များထက် ပိုပြီး လွတ်လပ်စွာ ခရီးသွားလာခွင့် ရရှိကြ၏။

ဗုဒ္ဓဘာသာမဟုတ်သော သာသနာ့ဝန်ထမ်းများ၏ ဘာသာရေးသိမ်းသွင်းမှုကို အစိုးရကမလိုလားကြောင်း ပြသည်။ ဤအကန့်အသတ်များကြောင့် ခရစ်ယာန်ဂိုဏ်းအချို့နှင့် အစ္စလာမ်ဘာသာ၏ သာသနာပြုလုပ်ငန်းများအပေါ် ထိခိုက်သည်။ ၁၉၆၅ ခုနှစ်ဝန်းကျင်မှစပြီး အစိုးရက နိုင်ငံခြားသာသနာပြုများကို ပြည်တွင်း၌ အခြေစိုက်ခွင့်မပြုဘဲထားသည်။ ထိုအချိန်က နိုင်ငံခြားသား သာသနာပြုအားလုံးကို နှင်ထုတ်ခဲ့ပြီး ပုဂ္ဂလိကကျောင်းနှင့် ဆေးရုံအားလုံးကို ပြည်သူပိုင်သိမ်းခဲ့သည်။ ဤသို့ အလုံးအရင်းနှင့် ပြည်သူပိုင်သိမ်းသမျှအတွက် အစိုးရက လျော်ကြေးတစ်စုံတစ်ရာ ပေးခဲ့ဖူးသည်ဟု မကြားသိရချေ။

နိုင်ငံသားနှင့် နိုင်ငံတွင်း အမြဲနေထိုင်သူအားလုံးသည် အစိုးရကထုတ်ပေးသော နိုင်ငံသားစိစစ်ရေးလက်မှတ်ကို ကိုယ်နှင့်အတူ ယူဆောင်ကြရသည်။ ထိုလက်မှတ်တွင် လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ဖော်ပြမြဲဖြစ်၏။ နိုင်ငံသားလက်မှတ်တွင် ကိုးကွယ်သည့်ဘာသာဖော်ပြပုံနှင့် ပတ်သက်၍ အစိုးရ၏ တိတိပပပြဋ္ဌာန်းသတ်မှတ်ချက်ရှိပုံ မရပါ။ နိုင်ငံသားများသည် အစိုးရနှင့်ဆိုင်သော (နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း ကဲ့သို့သော) လျှောက်လွှာပုံစံရေးဖြည့်ရာတွင်လည်း ကိုးကွယ်သည့် ဘာသာ ဖော်ပြကြရသည်။ သို့သော် နိုင်ငံကူးလက်မှတ်တွင် ကိုင်ဆောင်သူ၏ ကိုးကွယ်သည့် ဘာသာ မဖော်ပြပါ။

### ဘာသာရေးလွတ်လပ်ခွင့်အပေါ် ချုပ်ချယ်မှုများ

ဘာသာရေးလွတ်လပ်ခွင့်ကို ချုပ်ချယ်ရန်အတွက် တည်ဆဲဘာသာရေးကန့်သတ်ချက်ဥပဒေများကို ကြိုက်ရာပုဒ်မရွေးပြီး အာဏာတည်အောင် အစိုးရက လုပ်ဆောင်သည်။ ယခုအစီရင်ခံစာ အကျုံးဝင်သော ကာလအတွင်း နအဖအစိုးရက အမိန့်ပြန်တမ်းနှင့်သာ နိုင်ငံကို အုပ်ချုပ်နေသည်။ ဘာသာ၊ လူမျိုး၊ လိင်၊ မသန်စွမ်းမှု၊ ဘာသာစကား၊ လူတန်းစားစသော အခြေခံဖြင့် ခွဲခြားဆက်ဆံမှုမပြုအောင် ထိန်းကွပ်သော အခြေခံဥပဒေ သို့မဟုတ် ထုံးတမ်းဥပဒေတစ်စုံတစ်ရာကိုမျှ လိုက်နာခြင်းမရှိချေ။ ဘာသာရေးလုပ်ငန်းနှင့် အသင်းအဖွဲ့များသည် လွတ်လပ်စွာ ပြောဆိုဖော်ပြခွင့်မရ၊ စည်းရုံးခွင့်မရှိ။ နေရာတကာပါသော အစိုးရ၏ လုံခြုံရေးယန္တရားက အဖွဲ့အစည်းအားလုံးနီးပါး၏ အစည်းအဝေးနှင့် လှုပ်ရှားမှုများတွင် ဝင်ရောက်ထောက်လှမ်းပြီး တစ်ဦးချင်းရော အစုအဝေးနှင့်ပါ ဘာသာရေးဝတ်ပြုကိုးကွယ်မှုကို စိတ်ထင်တိုင်း ကန့်သတ်ဟန့်တားလေ့ရှိသည်။ ဘာသာရေးစာအုပ်စာစောင်များ အပါအဝင် ပြန်ကြားဆက်သွယ်ရေးမီဒီယာအားလုံးတွင် ဆင်ဆာတည်းဖြတ်ပြီး ချုပ်ကိုင်ထားသည်။ တစ်ခါတစ်ရံ တရားပွဲကိုပါ တည်းဖြတ်ကန့်သတ်သည်။ တစ်ခါတစ်ရံတွင် ဘာသာရေးအသင်းအဖွဲ့များ၏ အစည်းအဝေးကို အစိုးရက ပိတ်ပင်တားဆီးမှုလည်း ရှိ၏။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် သင်တန်းသားဦးရေ သန်းနှင့်ချီပြီး တက်ရောက်သည်ဆိုသော သတင်းများ နိုင်ငံပိုင်မီဒီယာများမှာ ဖတ်ရှု ကြားသိရသည်။ ဤသတင်း မှန် မမှန်ကို သီးခြားအထောက်အထားဖြင့် အတည်မပြုနိုင်ပါ။ အတည်ပြုရန် အခက်ကြုံရပါသည်။ ထိုအဖွဲ့ကြီးသည် အစိုးရက ထောက်ခံအားပေးထားသော အသင်းအဖွဲ့ဖြစ်ပြီး အချို့သော အသင်းသားများမှာ မဝင်မနေရ သိမ်းသွင်းထားသူများ ဖြစ်၏။

ချင်းပြည်နယ်တွင် ဘုရားကျောင်းများသည် ဘာသာရေးပွဲလမ်းကျင်းပလိုပါက အစိုးရထံမှ ခွင့်ပြုချက် ကြိုတင် တောင်းခံရသည်။ များသောအားဖြင့် အာဏာပိုင်များထံမှ ခွင့်ပြုချက်ရကြသော်လည်း နှစ်လ၊ သုံးလ ကြိုပြီး လျှောက်လွှာတင်ကြရသည်။

ခရစ်ယာန်နှင့် မူဆလင်တို့၏ ရိုးရာထုံးတမ်းနေ့ထူးနေ့မြတ်အားလပ်ရက်များတွင် လူစုလူဝေးနှင့် အခမ်းအနားကျင်းပခွင့်ကို အာဏာပိုင်များက ငြင်းပယ်လေ့ရှိ၏။ တစ်နေရာတည်းတွင် စုဝေးခွင့်ပြုသော မူဆလင်လူဦးရေကိုလည်း ကန့်သတ်လေ့ရှိသည်။ ဥပမာ ရန်ကုန်ဝန်းကျင်နှင့်ကပ်လျက်မြို့ငယ်များတွင် မူဆလင်များသည် မူဆလင်နေ့ထူးနေ့မြတ်များ၌သာ စုဝေးပြီး အခမ်းအနားကျင်းပခွင့်၊ ဘာသာရေးသင်ကြားဟောပြောခွင့်ရရှိကြသည်။

လူနည်းစုလူမျိုးစုများ၏ ဘာသာရေးအသင်းအဖွဲ့ဝင်များကို အစိုးရက ဆက်လက်ပြီး ခွဲခြားဆက်ဆံနေသေးသည်။ ပညာရေးလုပ်ငန်းများကို ကန့်သတ်သည်။ ဘာသာရေးသိမ်းသွင်းမှုခွင့်မပြု။ ဘုရားကျောင်း၊ ဗလီစသည်ကို အသစ်ဆောက်ခွင့်နှင့် အဟောင်းကို လွတ်လပ်စွာ ပြင်ဆင်ခွင့်မရှိ။ ချုပ်ချယ်ကန့်သတ်ထားသည်။

အချို့ဒေသများတွင် ခရစ်ယာန်သာသနာ့ဝန်ထမ်းများက ဘာသာရေးသိမ်းသွင်းမှုမလုပ်ရအောင် အစိုးရ၏ ပိတ်ပင်တားမြစ်ချက် ဆက်လက်ရှိနေဆဲဖြစ်သည်။ ယခုတင်ပြအစီရင်ခံသောကာလအတွင်း ခရစ်ယာန်သာသနာပြုများအဖြစ် သိရှိထားသူများ မြို့နယ်ပြောင်းရွှေ့နေထိုင်ရန် ကြိုးပမ်းရာတွင် ခွင့်ပြုချက်မရသော ကိစ္စအများအပြား ရှိပါသည်ဟု ခရစ်ယာန် အသင်းအဖွဲ့များက သတင်းပေးတိုင်ကြားထားသည်။ ဤဖြစ်ရပ်များမှာ ဒေသမရွေး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော ဖြစ်ရပ် မဟုတ်ပါ။ ဒေသအလိုက် အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးချင်းနှင့်ပတ်သက်သော ပြဿနာဖြစ်ကြောင်းလည်း အဖွဲ့အစည်းများက သတင်းပေးသည်။ အချို့သော နေရာများတွင် ခရစ်ယာန်ဘာသာဝင်အသစ်များ၏ နိုင်ငံသားလက်မှတ်များကို အာဏာပိုင်များက သိမ်းဆည်းသည်ဟု သတင်းထွက်ပေါ်သည်။ သို့သော် ဗုဒ္ဓဘာသာအများစုရှိသော ရပ်ရွာများတွင်ပင် ခရစ်ယာန်ဘုရားကျောင်းများ၌ ဝတ်ပြုကိုးကွယ်သူဦးရေ တိုးပွားနေကြောင်းကိုလည်း ခရစ်ယာန်သင်းပင်းများက သတင်းပေးပါသည်။

သမ္မာကျမ်း၊ ကိုရ်အန်ကျမ်းနှင့် အခြားခရစ်ယာန်နှင့် အစ္စလာမ်စာပေများ နိုင်ငံတွင်း ထုတ်ဝေမှုကို အစိုးရစာပေစိစစ်ရေးက အထူးကြီးကြပ်ဟန့်တားလျက် ရှိနေသည်။ အပေါ်လွင်ဆုံး ကန့်သတ်ပညတ်ချက်မှာ သုံးစွဲရန်ခွင့်မပြုဟု စာပေစိစစ်ရေးက တားမြစ်ထားသော ဝေါဟာရ အလုံး ၁၀၀ ဖြစ်သည်။ တိုင်းရင်းသုံး စကားလုံးဖြစ်သည်၊ သို့မဟုတ် အစဉ်အဆက် ဗုဒ္ဓစာပေသုံး ပါဠိသက်ဝေါဟာရဖြစ်သည်ဆိုပြီး အခြားဘာသာမှ သုံးစွဲခွင့်တားမြစ်ခြင်းဖြစ်သည်။ ဤဝေါဟာရများကို ကိုလိုနီခေတ်ကာလတွင် အချို့သော ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးအဖွဲ့များ သုံးစွဲခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာမဟုတ်သော စာပေထုတ်ဝေသည့် အဖွဲ့အစည်းများက ဤကန့်သတ်တားမြစ်ချက်များ ပယ်ဖျက်ပေးရန် (အယူခံဝင်) တောင်းဆိုထားသည်။ ထို့ပြင် တစ်ခါတစ်ရံတွင် ရှေးဟောင်းသမ္မာကျမ်းနှင့် ကိုရ်အန်ကျမ်းမှ စာပိုဒ်အချို့ကို မထည့်သွင်းမဖော်ပြရဟု စာပေစိစစ်ရေးက ကန့်ကွက်သည်။ အခြားဘာသာဝင်များအပေါ် အကြမ်းဖက်တိုက်ခိုက်ရန် အားပေးရာရောက်သော စာပိုဒ်များဖြစ်သည်ဟု အကြောင်းပြ၏။ မကြာသေးမီ နှစ်များအတွင်း ဘာသာရေးစာအုပ်စာတမ်း လက်ဝယ်ထားရှိမှုဖြင့် ဖမ်းဆီးအရေးယူခြင်း၊ တရားစွဲအပြစ်ပေးခြင်း သတင်းတစ်စုံတစ်ရာမျှ မရရှိပါ။

နိုင်ငံတွင်းသို့တင်သွင်းလာသော သမ္မာကျမ်းနှင့် ကိုရ်အန်ကျမ်းအုပ်ရေကို အာဏာပိုင်များက ကန့်သတ်ထားသည်။ တစ်ဦးချင်းက ကိုယ်တိုင်သုံးအတွက် သမ္မာကျမ်း သို့မဟုတ် ကိုရ်အန်ကျမ်းစာအုပ်ကို စောင်ရေနည်းနည်းချင်း ပြည်တွင်းသို့ သယ်ဆောင်လာလေ့ရှိသည်။ ထိုသို့ တင်သွင်းလာသော စာအုပ်များကို အာဏာပိုင်များက ပြည်တွင်းဝင်ပေါက်များတွင် သိမ်းဆည်းသည်၊ တားမြစ်သည်ဟု သတင်းတစ်စုံတစ်ရာ မရရှိပါ။

ဆက်လက်ပြီး လုပ်ကိုင်နေဆဲ ခရစ်ယာန်ဘာသာရေးကျောင်းနှင့် ကျမ်းစာသင်တန်းအချို့ ရှိပါသည်။ မဒရပ်ဆာ ခေါ် အစ္စလာမ်ဘာသာရေးကျောင်းများလည်း ရှိမြဲရှိနေပါသည်။ ဤအထဲမှ အချို့သော ကျောင်းများသည် မြန်မာ ခရစ်ယာန် အသင်းတော်များကောင်စီတွင် မှတ်ပုံတင်ထားခြင်း မရှိပါ။ သို့သော် အစိုးရ၏ အနှောင့်အယှက်မခံရဘဲ လုပ်ငန်းဆောင်တာ လုပ်ကိုင်နိုင်ကြသည်။ အချို့သော နိုင်ငံခြားဘာသာရေးအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို လူမှုရေးအကူအညီလုပ်ငန်းလုပ်ဆောင်ရန် အတွက် အစိုးရက ပြည်ဝင်ခွင့် ပေးထားပါသည်။ ၂၀၀၈ ခုနှစ် မေ နာဂစ်ဆိုင်ကလုန်းအပြီး ကယ်ဆယ်ရေးအတွက် ဝင်ခွင့်ပြုခဲ့သည့်အဆက် ဖြစ်သည်။

အချို့မူဆလင်များသည် နိုင်ငံသားမှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ်ရရှိရန်အတွက် ငွေကြေးအမြောက်အမြား လာဘ်ထိုးကြရသည်။ ရှမ်း၊ ကရင်စသည့် တိုင်းရင်းသားလူမျိုးတစ်ခုခု ဖြစ်ပါသည်ဟု ဖော်ပြသော မူဆလင်များကို နိုင်ငံသားလက်မှတ် ထုတ်ပေးရန် သက်ဆိုင်ရာက ငြင်းဆန်သည်များလည်းရှိ၏။

နိုင်ငံအဝန်း မူဆလင်များအပြင် တရုတ်၊ အိန္ဒိယနွယ်စသော အချို့လူနည်းစုဝင်များသည် မိမိတို့မြို့ရွာမှ ခွာပြီး ခရီးသွားမည်ဆိုပါက မြို့နယ်အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံကြရသည်။ မူဆလင် ရိုဟင်ဂျာ သို့မဟုတ်

မူဆလင်ရခိုင်လူမျိုးကို မည်သည့်ကိစ္စနှင့် ဖြစ်စေ အာဏာပိုင်များက ခရီးသွားလာခွင့် ပေးလေ့မရှိပါ။ သို့သော် တစ်ခါတစ်ရံတွင် တံစိုးလက်ဆောင်ပေး လာဘ်ထိုးပြီး ခရီးသွားခွင့် ရသူများရှိ၏။ ရခိုင်ဒေသခံမဟုတ်သော မူဆလင်များက ပိုပြီး ခရီးသွားလွတ်လပ်ခွင့် ရရှိကြသည်။ ရန်ကုန်နေ မူဆလင်များ ရခိုင်ပြည်နယ် သံတွဲဒေသတွင် ကမ်းခြေအပန်းဖြေခရီးသွားခွင့် ရှိပါသည်။ သို့သော် ဒေသစစ်တိုင်းမှူးထံမှ လက်မှတ်မပါဘဲ ရန်ကုန်ပြန်လာ၍ မရပါ။ အချို့က ပြန်လာခွင့်ရရန်အတွက် ဒေသအာဏာပိုင်များကို လာဘ်ထိုးကြရသည်။ ရခိုင်ပြည်နယ်ပြင်ပမှ မူဆလင်များ ရခိုင်ပြည်နယ်ထဲ အလည်အပတ်သွားမိလျှင် မိမိရပ်ရွာမပြန်ရဟု တားဆီးခံရတတ်သည်။

ရွာသူကြီးများအပါအဝင် မူဆလင်များ အစိုးရအမှုထမ်းဖြစ်ပါက မှတ်ဆိတ်ရှည်ထားခွင့်မပြုပါ။ မှတ်ဆိတ်ထားသူများ ရာထူးမှ အဖြုတ်ခံရသည်။

ရခိုင်ပြည်နယ်တွင်းရှိ မူဆလင်များ၊ အထူးသဖြင့် ရိုဟင်ဂျာလူနည်းစုသည် ဥပဒေရေးရာတွင်လည်းကောင်း၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတွင်လည်းကောင်း အကြီးအကျယ် ခွဲခြားဆက်ဆံမှု ခံနေကြရဆဲဖြစ်သည်။ ရိုဟင်ဂျာများကို အစိုးရက နိုင်ငံသားဖြစ်ခွင့်မပြုပါ။ သူတို့ဘိုးဘေးများသည် ဗြိတိသျှခေတ်ဦးကာလတွင် ပြည်တွင်း၌ ဝင်ရောက်နေထိုင်သူများ မဟုတ်သောကြောင့်ဟု အကြောင်းပြ၏။ နိုင်ငံသားဥပဒေကလည်း ဤအတိုင်းပင် ပြဋ္ဌာန်းထား၏။ ရိုဟင်ဂျာများကလည်း ၎င်းတို့ဝင်ရောက်နေထိုင်ခဲ့သော ခေတ်ကာလမှာ ဗြိတိသျှမလာမီ ရာစုနှစ်များစွာကပင် ဖြစ်သည်ဟု ပြောဆို၏။ ၂၀၀၈ ခုနှစ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေး ကုလသမဂ္ဂကော်မရှင်တစ်ခုက မြန်မာနိုင်ငံ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည်သုံးသပ်သင့်ကြောင်း အစိုးရကို တိုက်တွန်းထားသည်။ မြန်မာပြည်အတွက် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစုံစမ်းလေ့လာရေးတာဝန်ရှိပုဂ္ဂိုလ်သည် ၂၀၀၈ ခုနှစ် ဩဂုတ်နှင့် ၂၀၀၉ ခုနှစ် စက်တင်ဘာတွင် အစိုးရကဆောင်ရွက်ရန် တိုက်တွန်းတင်ပြချက်အနက် ရိုဟင်ဂျာအရေးကို အထူးတလည်ဖော်ပြပြီး ခွဲခြားဆက်ဆံသော ဥပဒေကိုရုပ်သိမ်းကာ လုပ်ထုံးများကို ပြုပြင်ရန် အထူးဖော်ပြထားပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင် ရိုဟင်ဂျာမူဆလင် ၂၁,၀၀၀ ခန့် မှတ်ပုံတင်စာရင်းဝင် ရှိနေပြီး ၂၀၀,၀၀၀ ခန့်သည် ဒုက္ခသည်စခန်းပြင်ပ၌ နေထိုင်လျက်ရှိနေသည်။ ထိုသူများအနက် အများစုက မူလနိုင်ငံ (မြန်မာနိုင်ငံ) သို့ ပြန်သွားရန်ငြင်းဆန်ကြသည်။ ဘာသာရေးညှဉ်းပန်းမှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်စော်ကားခံရမည်ကို ကြောက်ရွံ့သောကြောင့် ပြန်သွားရန် ငြင်းဆန်ကြခြင်းဖြစ်၏။

ရိုဟင်ဂျာမူဆလင်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားရပိုင်ခွင့်မရှိ။ သူတို့ကို တရားမဝင် နိုင်ငံခြားသားအဖြစ်ဆက်ဆံနေသော်လည်း နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ထုတ်မပေးပါ။ ထိုအစား အစိုးရက ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်းပြီး စီမံချက်တစ်ခုကို လုပ်ဆောင်လျက်ရှိသည်။ ထိုအစီအစဉ်အရ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သော “နိုင်ငံမဲ့လူ” အဖြစ် “ယာယီမှတ်ပုံတင်” ထုတ်ပေးပါသည်။ ယခုအစီရင်ခံစာ အကျုံးဝင်သော ကာလအတွင်း အသက် ၁၀ နှစ်နှင့် အထက် လူဦးရေမှန်းခြေ ၃၈၅,၀၀၀ ခန့်ကို ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီး ဖြစ်သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ခန့်မှန်းချက်ပေးထားသည်။ ယာယီမှတ်ပုံတင်လျှောက်ထားသော မူဆလင်အမျိုးသားများ မုတ်ဆိတ်မပါသော ဓာတ်ပုံတင်ပြရမည်ဟု အစိုးရအရာရှိများက မဖြစ်မနေ တောင်းဆိုလျက်ရှိသည်။ ၂၀၀၉ ခုနှစ် မတ် ၇ ရက်မှ ၁၂ ရက်အတွင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ရခိုင်ပြည်နယ်သို့ပါ သွားရောက်ခဲ့သည်။ လက်ရှိပေါ်ပေါက်နေသော လူသားချင်းထောက်ထားညှာတာရန် လိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် သူ၏အဖွဲ့အစည်းက လုပ်ငန်းများတိုးချဲ့လုပ်ကိုင်သွားပါမည်ဟု မဟာမင်းကြီးက ကတိပြုသွားပါသည်။

အစိုးရအထက်တန်းကျောင်းတွင် နိုင်ငံသားများသာ အစိုးရက သင်ယူခွင့်ပြုထားသောကြောင့် နိုင်ငံသားစိစစ်ရေးလက်မှတ်မရှိသော ရိုဟင်ဂျာများသည် အထက်တန်းကျောင်းအဆင့်တွင် ပညာသင်ယူခွင့်မရဘဲ ဖြစ်နေသည်။ ရခိုင်ပြည်နယ်တွင် နေထိုင်သော မူဆလင်ကျောင်းသားများသည် အထက်တန်းကျောင်းပြီးဆုံးသော်လည်း ပြည်နယ်မှ ပြင်ပခရီးသွား ခွင့်မရှိသောကြောင့် တက္ကသိုလ် ကောလိပ်တက်ပြီး ပညာသင်ကြားခွင့် မရကြပါ။ နိုင်ငံသားစိစစ်ရေးကတ်မရှိသော မူဆလင် ကျောင်းသားများကို အစိုးရက ဆက်လက်ပြီး ဘွဲ့ယူခွင့်မပြုဘဲထားဆဲ ဖြစ်သည်။ ဤကျောင်းသားများသည် ကျောင်းတက်ခွင့်ရပြီး စာမေးပွဲလည်း ဖြေဆိုခွင့်ရကြ၏။ သို့သော် နိုင်ငံသားလက်မှတ်မရှိသောကြောင့် ဘွဲ့လက်မှတ်မရနိုင်ကြ။ မဖြစ်မနေ ဘွဲ့လက်မှတ် ရယူလိုလျှင် “နိုင်ငံခြားသား” လူနည်းစုနှင့် သွေးနှယ်ပါသည်ဟု စာရင်းပြုရသည်။ ရိုဟင်ဂျာများသည် အစိုးရအရပ်ဘက်ဝန်ထမ်း အဖြစ်လည်း လုပ်ကိုင်ခွင့်မရှိပါ။

ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာမူဆလင်များအတွက် ပြဋ္ဌာန်းထားသော လက်ထပ်ထိမ်းမြားမှုတွင် ကန့်သတ်ချက်များကို ရုပ်သိမ်းပေးပါရန် အထင်ကရ မူဆလင်အဖွဲ့အစည်းတစ်ခုက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဖြစ်သူ ဒေသစစ်တိုင်းမှူးနှင့် သာသနာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုခဲ့ပါသည်။ ယခုအစီရင်ခံစာ အကြုံးဝင်သော ကာလ ကုန်ဆုံးချိန်အထိ ထိုအဖွဲ့အစည်းက ပြန်ကြားချက်တစ်စုံတစ်ရာ မရရှိသေးပါ။

အချို့သော မူဆလင်များသည် မွေးစာရင်းရရှိရေးလည်း အခက်အခဲကြုံနေကြရသည်။ ရခိုင်ပြည်နယ်စစ်တွေမြို့မှ ဒေသခံအရာရှိတစ်ဦးက ဒေသတွင်းမွေးဖွားသော "မူဆလင်ကလေးအတွက် မွေးစာရင်းထုတ်မပေးနှင့်" ဟု ၂၀၀၅ ခုနှစ်တွင် နှုတ်မိန့်ပေးထားကြောင်း သတင်းထွက်ပေါ်ခဲ့ပါသည်။ ရန်ကုန်တွင်တော့ ကလေးမွေးဖွားလျှင် မွေးစာရင်း ရရှိကြပါသည်။ သို့သော် တာဝန်ခံအရာရှိများက ကလေး၏အမည်ကို မိသားစုစာရင်းတွင် ရေးသွင်းပေးရန် ငြင်းဆန်ကြသည်။ ရခိုင်ပြည်နယ်သို့ ပြန်သွားသော ရိုဟင်ဂျာများ ကလေးမွေးဖွားသောအခါ မှတ်ပုံတင်စာရင်းသွင်းရန် အခက်အခဲကြုံတွေ့ကြရသည်။

ယခုအထိ ရခိုင်ပြည်နယ်သံတွဲမြို့တွင် ရှေးအစဉ်အဆက် နေထိုင်လာသော မူလ မူဆလင်များ ရှိနေသေးသည်။ သို့သော် အသစ်ဝင်လာသော မူဆလင်များသည် မြို့နယ်အတွင်း၌ အိမ်မြေဝယ်ယူခွင့်မရှိ၊ အခြေချနေထိုင်ခွင့်မရှိ။ ဂွနှင့် တောင်ကုတ်တွင် အာဏာပိုင်အရာရှိများက မူဆလင်များကို နေထိုင်ခွင့်မပေးပါ။

ဘာသာရေးအဖွဲ့အစည်းဝင်အားလုံးကို နိုင်ငံခြားမှ မိမိတို့နှင့် ဘာသာတူကိုးကွယ်သူများနှင့် ဆက်သွယ်ခွင့်ပေးပါသည်။ ဘာသာရေးကိစ္စနှင့် ပြည်ပသို့ ခရီးသွားခွင့်ပေးပါသည်။ သို့သော် အကန့်အသတ်များသော နိုင်ငံကူးလက်မှတ်နှင့် ဗီဇာထုတ်ပေးရေး စိစစ်မှုကြုံကြရသည်။ နိုင်ငံခြားငွေလဲလှယ်မှု အကန့်အသတ်ရှိသည်။ အစိုးရ၏ စောင့်ကြည့်ခြင်းခံကြရသည်။ ဘာသာမရွေး နိုင်ငံသားတိုင်းကို နိုင်ငံတကာတွင် ဘာတွေလုပ်ကိုင်နေသည် စုံစမ်းထောက်လှမ်းခံကြရသည်။ ဟာ့ဂျ်ဘုရားဖူးသွား မူဆလင်နှင့် အိန္ဒိယဗုဒ္ဓဂါယာဘုရားဖူးသွား ဗုဒ္ဓဘာသာဝင်များအတွက် သာမန်အားဖြင့် ခက်ခဲလေ့ရှိသော နိုင်ငံကူးလက်မှတ်ရရှိရေးကို အစိုးရက တစ်ခါတစ်ရံတွင် အမြန်ရရှိအောင် လုပ်ဆောင်ပေးပါသည်။ သို့သော် ထိုသို့လုပ်ဆောင်ပေးသော ဘုရားဖူးဦးရေ နည်းပါးသည်။ အကန့်အသတ်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် မူဆလင် ၂,၀၀၀ ခန့် ဟာ့ဂျ်ဘုရားဖူးသွားသည်ဟု ခန့်မှန်းရသည်။ ၂၀၀၇ ခုနှစ်ကထက် ဦးရေ ၅၀၀ ခန့်လျော့နည်း၏။ ၂၀၀၈ ခုနှစ်တွင် ဗုဒ္ဓဂါယာသွား ဗုဒ္ဓဘာသာဝင်ဘုရားဖူး ၁၀၀၀ ကျော် ရှိသည်။

အစိုးရဝန်ထမ်းအဆင့်မြင့်ရာထူးခန့်ထားရေးတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများ ဘာသာရေးကြောင့် ခွဲခြားမှုခံကြရသည်။ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ထိုထက်မြင့်သောရာထူးတွင် ခန့်အပ်ခံရသူ နည်းနည်းပါးပါးသာရှိ၏။ မြန်မာစစ်ဘက်တွင် ဘာသာရေးအကြောင်းပြုပြီး ရာထူးမပေးဘဲ ချန်ထားရန် သို့မဟုတ် ခွဲခြားဆက်ဆံရန် တိတိကျကျ သတ်မှတ်ထားသော မူဝါဒမရှိပါ။ သို့သော် ခရစ်ယာန်ဘာသာဝင်အနည်းငယ် ဗိုလ်မှူးကြီးအဆင့်ရာထူးရရှိသော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်သူများထဲမှ အဆင့်မြင့် စစ်ဘက်ရာထူးရသူ မရှိပါ။ အကြီးဆုံးအတိုက်အခံအင်အားစုဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အင်န်အယ်လ်ဒီ)၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင်လည်း ဗုဒ္ဓဘာသာမဟုတ်သော ကော်မတီဝင် မပါရှိပါ။ သို့သော်လည်း အင်န်အယ်လ်ဒီကို ဘာသာရေးအဖွဲ့အစည်းအများစုက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံအားပေးပါသည်။ မူဆလင်များ စစ်ထဲမဝင်ချင်အောင် အစိုးရက လုပ်ဆောင်သည်။ ထို့ပြင် ဗိုလ်မှူးထက်မြင့်သော ရာထူး မျှော်မှန်းသည့် ခရစ်ယာန် သို့မဟုတ် မူဆလင်အရာရှိများကို ဗုဒ္ဓဘာသာဝင်အဖြစ် ဘာသာပြောင်းရန် အထက်အရာရှိများက တိုက်တွန်းသည်။ စစ်ထဲဝင်လိုသော မူဆလင်အချို့သည် ဘာသာပြောင်းရန် မလိုသော်လည်း ဗုဒ္ဓဘာသာဝင်အဖြစ် လျှောက်လွှာတွင် ဖော်ပြရသည်ဟု သတင်းဖြစ်ပေါ်ခဲ့သည်။

ဘာသာရေးအဆောက်အအုံအသစ် တည်ဆောက်ရန် သို့မဟုတ် ပြုပြင်ရန်ကိစ္စမှာ "ရပ်ရွာ၊ ဒေသနေလူဦးရေပေါ် မူတည် ဆုံးဖြတ်ရမည်" ဟု သာသနာရေးဝန်ကြီးဌာနက ချမှတ်ထားသည်။ သို့သော် ဗုဒ္ဓဘာသာတို့ ဝတ်ပြုကိုးကွယ်ရန် ဌာန တိုးတက်လိုအပ်ချက်နှင့် တည်သောဘုရား အဆက်အစပ် ရှိပုံမရပါ။ အစိုးရက ဗုဒ္ဓဘာသာစာသင်တိုက်များကို မြောက်အားပေး ထောက်ပံ့လှူဒါန်းပြီး ကျောင်းပရိဝုဏ်ကျယ်ကျယ်ဝန်းဝန်းတွင် တည်ဆောက်ခွင့်ပေးထားသည်။ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ အနေနှင့် ဘုရားတည်၊ ကျောင်းဆောက်၊ ဓမ္မာရုံ၊ ဇရပ်ဆောက်လုပ်ရာ၌ ယေဘုယျအားဖြင့် အခက်အခဲကြုံတွေ့လေ့မရှိပါ။

ဒေသအတော်များများတွင် ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးအဖွဲ့အစည်းများက ကြားလမ်းဘေးမှာဖြစ်စေ၊ မထင်မရှားနေရာမှာဖြစ်စေ ဘာသာရေးအဆောက်အအုံငယ်ငယ် ဆောက်လုပ်နိုင်ရန် ကြိုးပမ်းကြရာတွင် ဒေသခံအာဏာပိုင် များ၏ တရားဝင်မဟုတ်သော သဘောတူခွင့်ပြုချက် (နားလည်မှု) ယူပြီး ဆောက်လုပ်နိုင်ကြသည်။ ရပ်ရွာအာဏာပိုင် ပြောင်းလဲလျှင် ဖြစ်စေ၊ အခြေအနေပြောင်းလဲလျှင်ဖြစ်စေ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းတတ်သည်။ အချို့နေရာများတွင် အာဏာပိုင်များက ရှိပြီး ဘာသာရေးအဆောက်အအုံကို ဖြိုဖျက်ပစ်သည်။ တရားဝင်ခွင့်ပြုချက်တောင်းခံတင်ပြသော ကိစ္စများမှာ

အလွန်အမင်း နှောင့်နှေးကြန့်ကြာတတ်သည်။ ခွင့်ပြုချက်မရသည်ကများ၏။ ခွင့်ပြုချက်ရသည့်တိုင် အထက်အဆင့် အာဏာပိုင်က ပြန်လည်ရုပ်သိမ်းသည်လည်း ရှိတတ်သေးသည်။

ဒေသအများစုတွင် မြေကွက်ဝယ်ယူရန် သို့မဟုတ် ဘုရားကျောင်းအသစ်ဆောက်ရန် ခွင့်ပြုမိန့်ရရှိရေး ကိစ္စတွင် ခရစ်ယာန်အသင်းအဖွဲ့များ အခက်ကြုံကြသည်။ အချို့ကိစ္စများတွင် ဆောက်လုပ်မည့် မြေအရောင်းအဝယ်စာချုပ်မှုမမှန်ဟု အကြောင်းပြပြီး အာဏာပိုင်များက အဆောက်အအုံတည်ဆောက်ခွင့် ငြင်းပယ်၏။ သို့သော် တရားဝင်မြေကွက်ပိုင်ဆိုင်ခွင့် (ဂရန်) ရရှိရန်ကလည်း အလွန်ခက်ခဲသည်။ နိုင်ငံတွင် ကျင့်သုံးသော မြေယာဥပဒေက ရှုပ်ထွေးထွေပြားခြင်းကတစ်ကြောင်း၊ မြေကွက်အများစုကို အစိုးရကသာ ပိုင်ဆိုင်သောကြောင့်တစ်ကြောင်း ခက်ခဲရခြင်းဖြစ်၏။ အချို့အရပ်ဒေသများတွင် ရှိပြီး ဘာသာရေးအဆောက်အအုံကို ပြင်ဆင်ရန် ခွင့်တောင်းလျှင် မြန်မြန်ဆန်ဆန် ခွင့်ပြုမိန့်ရလေ့ရှိ၏။ ချင်းပြည်နယ်တွင်မူ ၂၀၀၃ ခုနှစ်မှစပြီး ဘုရားရှိခိုးကျောင်းအသစ်ဆောက်လုပ်ရန် ခွင့်ပြုမိန့်လုံးဝ ချပေးခြင်းမရှိသေးပါ။

၂၀၀၉ ခုနှစ်တွင် ရှတ္တာပရူဘက်ပတစ်အသင်းတော်က ခရစ်ယာန်မိဘမဲ့ကလေးဂေဟာတစ်ခုကို မြစ်ကြီးနားတွင် ဆောက်လုပ်ရာ ကချင်ပြည်နယ်အာဏာပိုင်များက ဆက်ပြီးမဆောက်ရဟု တားမြစ်ပိတ်ပင်သည်။ အဆောက်အအုံဆောက်လုပ်ရန် တရားဝင်ခွင့်ပြုချက်မရှိသောကြောင့် ရပ်တန့်စေခြင်းဖြစ်သည်ဟု သတင်းမီဒီယာများမှ သိရှိရသည်။ အသင်းတော်လူကြီးများ ဘက်မှ ပြောဆိုချက်မှာ သူတို့ ခွင့်ပြုချက်လျှောက်လွှာတင်ခဲ့ပါသည်။ သို့သော် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းဟူ၍ တိတိကျကျမရှိ၊ ခွင့်ပြုချက်မည်သို့ရယူရမည်ကို နည်းပေးလမ်းညွှန်မှုမရှိသောကြောင့် သူတို့က ဆောက်လုပ်ရေးကို စတင်လုပ်ဆောင် လိုက်ခြင်း ဖြစ်ပါသည်ဟု ရှင်းလင်းချက်ပေးသည်။

မူဆလင်များအတွက်မူ ဗလီအသစ်ဆောက်လုပ်ရန် သို့မဟုတ် ရှိပြီးအဟောင်း ပြင်ဆင်ရန် လွန်စွာခက်ခဲနေဆဲဖြစ်၏။ အချို့ဗလီများတွင် အတွင်းပိုင်းပြင်ဆင်မှုများ လုပ်ခွင့်တော့ပေးပါ၏။ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ သမိုင်းဝင် ဗလီများအပြင် အခြားဒေသများမှ ဗလီများကို ပုံမှန်ပြင်ဆင်ရန် အာဏာပိုင်များက ခွင့်မပြုလေသောကြောင့် ယိုယွင်း ပျက်စီးပြီး ဆက်လက်ယိုယွင်းလျက်ရှိနေလေပြီ။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဗလီနှင့် ဘာသာရေးကျောင်းများ ပြုပြင်ရေး ကိစ္စအပေါ် တားမြစ်ချက်အမျိုးမျိုးရှိနေသည်။ ရခိုင်ပြည်နယ်အတွင်း ဒေသအချို့တွင် ဒေသအာဏာပိုင်များက ဗလီများကို လူဝင်လူထွက် မလုပ်ရ စည်းတားပြီး မူဆလင်များ ဝတ်ပြုကိုးကွယ်မှုမပြုရအောင် ပိတ်ပင်ထားသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အစိုးရလုံခြုံရေးတပ်ဖွဲ့များက လုံခြုံရေးအတွက်ဟု အကြောင်းပြပြီး ဗလီများအတွင်း ထင်သလို ဝင်ရောက်ရှာဖွေ စစ်ဆေးမှုများလုပ်နေဆဲဖြစ်၏။ ဗလီလူကြီးများက ဗလီကို အသုံးချရန်ခွင့်ပြုမိန့်ပြပါ ဟုလည်း စစ်ဆေးသောအဖွဲ့များက တောင်းဆို လေ့ရှိသည်။ အချို့ဗလီများတွင် ဗလီလူကြီးများက ခွင့်ပြုမိန့်မပြနိုင်သောအခါ ဓမ္မပရိသတ်ကို ဗလီဖြိုဖျက်ပစ်ရန် အရာရှိများက အမိန့်ပေးသည် ဟုလည်း သတင်းထွက်ပေါ်ခဲ့သည်။

ဆိုင်ကလုန်းနာဂစ်မွှေအပြီးတွင် ရန်ကုန်မြို့ရှိ တစ်ခုတည်းသော ဂျူးဘုရားကျောင်း (ဆိုင်နာဂေါက်) ကိုပြုပြင်ရန် ခွင့်ပြုမိန့်ကို အာဏာပိုင်များက အစောင့်လူကြီးအား ထုတ်ပေးပြီး မုန်တိုင်းကြောင့် ပျက်စီးသမျှအပြင် အခြားအစိတ်အပိုင်းများကိုပါ နဂိုအတိုင်း ပြန်လည်ပြင်ဆင်စေခဲ့သည်။

### ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများ

ဗုဒ္ဓဘာသာသံဃာတော်များကို ထိန်းချုပ်အနိုင်ကိုင်ရန် အစိုးရက ဆက်လက်အားထုတ်နေသည်။ “ဗုဒ္ဓဘာသာနှင့် မအပ်စပ်၊ သာသနာပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်သည်” ဟူသောစွဲချက်ဖြင့် ဘုန်းကြီးများကို တရားစွဲသည်။ ထို့ပြင် ဖောက်ဖျက်လျှင် ရာဇဝတ်ပြစ်ဒဏ်ကျခံရမည့် သံဃာ့စည်းမျဉ်းဥပဒေပြဋ္ဌာန်းပြီး အတင်းအကျပ်လိုက်နာစေသည်။ အစိုးရကို ဆန့်ကျင်သော သံဃာငယ်များကို ဖမ်းဆီးထောင်ချအရေးယူရန် အစိုးရက လက်မနှေးချေ။ ထောင်ကျသံဃာကို လူဝတ်လဲပြီး သာမန်လူကဲ့သို့ ဆက်ဆံသည်။ ယေဘုယျအားဖြင့် ထောင်ကျသံဃာတော်များသည် ကတုံးရိတ်ခွင့်မရ၊ သံဃာနှင့်အပ်သော ဆွမ်းကွမ်းမရ။ တခြားနိုင်ငံရေးအကျဉ်းသားများအပေါ် ပြုမူသည့်အတိုင်း ထောင်ကျသံဃာများမှာ တစ်ခါတစ်ရံ ရိုက်နှက်ခံကြရပြီး အလုပ်ကြမ်းလည်း အဓမ္မခိုင်းစေခံရသည်။

သံဃာအပေါ် လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာ စုဝေးစည်းရုံးခွင့်ကိုလည်း အထူးပိတ်ပင်ကန့်သတ်မှုများ အစိုးရက ပြုလုပ်သည်။ သံဃာတော်များသည် နိုင်ငံရေးနွယ်သော တရားဓမ္မကို ဟောပြောခွင့်မရှိ။ နိုင်ငံရေးရှုထောင့်မကင်းသော

စကားလုံးများ၊ အသုံးအနှုန်း၊ နိပါတ်ပုံပြင်များကို ဓမ္မကထိကများက မသုံးရ၊ မဟောပြောရ။ သံဃာတော်များ နိုင်ငံရေးမလုပ်ရ၊ နိုင်ငံရေးပါတီ သို့မဟုတ် နိုင်ငံရေးသမားနှင့်မပတ်သက်ရဟု အစိုးရက ပြောဆိုပိတ်ပင်သည်။ သံဃာ့မဟာနာယကအဖွဲ့၏ ဩဇာခံယူသော သာသနာဂိုဏ်း ကိုးဂိုဏ်းမှလွဲပြီး အခြားသံဃာအသင်းအဖွဲ့ ဖွဲ့စည်းရန် အစိုးရက ခွင့်မပြု။ သံဃာအားလုံး နိုင်ငံရေးပါတီမဝင်ရဟု အစိုးရက တားမြစ်ထားသည်။

ယခုအစီရင်ခံစာ အကျုံးဝင်သော ကာလအတွင်း သံဃာတော်အပါး ၂၀၀ ခန့်ကို ထောင်ချထားပြီး၊ ၎င်းတို့အနက် အများစုမှာ ၂၀၀၇ စက်တင်ဘာ ငြိမ်းချမ်းစွာ ဒီမိုကရေစီတောင်းဆိုဆန္ဒပြပွဲအပြီး ဖမ်းဆီးခံသူများဖြစ်သည်ဟု နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ သိရှိရသည်။ ဤအတောအတွင်းတွင် ထောင်ကျဘုန်းကြီးနှင့် နိုင်ငံရေးအကျဉ်းသားများကို အစိုးရက ဝေးလံသော ဒေသရှိ ထောင်များသို့ပို့သည်။ မိသားစုများနှင့် အလွန်ဝေးကွာသော ထောင်တွင်ထားပြီး ဆေးဝါးနှင့်အခြေခံလိုအပ်ချက်များကိုလည်း မပေးဘဲထားသဖြင့် များသောအားဖြင့် ထောင်ဝင်စာ သွားတွေ့သော ဆွေမျိုးများက အစားအစာနှင့် ဆေးဝါးယူသွားကြရသည်။

၂၀၀၇ စက်တင်ဘာ ဆန္ဒပြပွဲကို နှိမ်နင်းစဉ် အတောအတွင်း လူ ၃၀ ခန့် သတ်ဖြတ်ခံရသည်။ ပြစ်မှုမကင်းသော လူသတ်မှုဖြစ်သော်လည်း ကျူးလွန်သူများအပေါ် အစိုးရက မည်သို့မျှအရေးယူခြင်းမရှိပါ။ ဆန္ဒပြပွဲပြီးဆုံးချိန်တွင် လုံခြုံရေးတပ်ဖွဲ့များက လူနေအိမ်နှင့် ဘုန်းကြီးကျောင်းများကို ညဥ့်အချိန်၌ ဝိုင်းရံစီးနင်းပြီး လူနှင့် သံဃာတော်အများအပြားကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဆိုသော သတင်းများထွက်ပေါ်သည်။ သို့သော် ထိုသတင်းများနှင့်ပတ်သက်ပြီး အစိုးရက စုံစမ်း အရေးယူခြင်း မရှိ။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်နှင့် ဒီဇင်ဘာ ၃၁ ရက် ကာလ အတွင်း လုံခြုံရေးတပ်များက အနည်းဆုံး ဘုန်းကြီးကျောင်း ၅၂ ကျောင်းကို စီးနင်းဝင်ရောက်ခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)က ခန့်မှန်းချက်ပေးသည်။ စစ်သားများကျောင်းတွင်း အတင်းဝင်ရောက်လာပြီး မျက်ရည်ယိုဗုံးခွဲ၊ ရော်ဘာကျည်ဆန် များဖြင့် ပစ်ခတ်၊ သံဃာတော်များကို နံပါတ်တုတ်၊ ဝါးရင်းတုတ်နှင့် ဝင်ရိုက်သည်ဟု အစိုးရဆန့်ကျင်လှုပ်ရှားသူများနှင့် သံဃာတော်များက သတင်းပေးပြောဆိုသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာအတွင်း သံဃာတော်အပါး ၁၅၀ ခန့် ဖမ်းဆီးခံခဲ့ရသည်ဟု နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ခန့်မှန်းသည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဦးဆောင်ပြီး ဝတ်ပြုဆုတောင်းခဲ့သူ အင်န်အယ်လ်ဒီပါတီဝင် ဦးချစ်ဖေနှင့် ဦးအောင်စိုးဝေတို့ နှစ်ဦး၏နေအိမ်များသို့ တွံတေးမြို့နယ်အာဏာပိုင်များက လာရောက် ဖမ်းဆီးခေါ်ဆောင် သွားသည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် အင်္ဂါနေ့တိုင်း ဆုတောင်းပွဲလုပ်သည့်အဖွဲ့နည်းတူ အင်န်အယ်လ်ဒီပါတီဝင် ၅၀ ခန့်သည် ဧပြီ ၂၁ ရက်တွင် ဆုတောင်းပွဲလုပ်ရန် ဇီးဖြူကုန်းရွာဘုရားတွင် စုဝေးခဲ့ကြ၏။ ထို့နောက် မကြာမီအာဏာပိုင်များက အထက်ပါ ပုဂ္ဂိုလ်နှစ်ဦးကို ရာဇဝတ်ဥပဒေပုဒ်မ ၂၉၅ (က) အရ တရားစွဲဆိုသည်။ ၎င်းမှာ ဘာသာသာသနာကို စော်ကား ပုတ်ခတ်ပြောဆိုလုပ်ကိုင်မှုကို တားမြစ်သည့် ပုဒ်မဖြစ်၏။ ထိုပုဒ်မအရ ထောင်ဒဏ် နှစ်နှစ်အထိ စီရင်နိုင်သည်။

၂၀၀၉ ခုနှစ် မတ်တွင် ဦးဂမ္ဘီရ၏ ညီဖြစ်သူ အောင်ကိုကိုလွင်နှင့် ယောက်ဖတော်သူ မိုးထက်လျှံတို့နှစ်ဦးကို လူဝင်မှုဥပဒေအရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါး နှစ်အပြစ်ပေးခဲ့သည်။ ဦးဂမ္ဘီရက ဦးဆောင်ပြီး ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလုံး ဆိုင်ရာ ရဟန်းတော်များ သမဂ္ဂတည်ထောင်သည့် တစ်နှစ်ပြည့်အထိမ်းအမှတ်ပွဲကျင်းပရန် စီစဉ်သည်ဟု စွပ်စွဲပြီး ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် နိုင်ငံပိုင် မီဒီယာက သံဃာများအပါအဝင် အကျဉ်းသား ၆၃၁၃ ယောက်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ထောင်မှလွှတ်ပေးလိုက်ကြောင်း ကြေညာသည်။ လွှတ်လိုက်သော အကျဉ်းသားများတွင် ၂၀၀၃ ခုနှစ်တွင် အဖမ်းခံရပြီး ထောင်ကျခဲ့သော ရဟန်း ခုနစ်ပါးပါဝင်သည်။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးခင်ညွန့် လှူသော ဆွမ်းကို လက်မခံသောအမှုဖြင့် ဖမ်းဆီးခံခဲ့ရသော ရန်ကုန်မြို့မှ သံဃာတော်များဖြစ်သည်။ ဦးကျော်မင်းသက် ခေါ် ဦးကေသရ၊ ဦးအေးထွန်းသာ ခေါ် ဦးအင်္ဂုရ၊ ဦးကျော်မိုး ခေါ် ဦးသီရိန္ဒ၊ ဦးမင်းဇော်အောင် ခေါ် ဦးမာလိဏ္ဏ၊ ဦးအောင်ကို ခေါ် ဦးအာဒိစ္စ၊ ဦးမောင်ဇော် ခေါ် ဦးတိက္ခန္နထေရ၊ ဦးထွန်းထွန်း ခေါ် ဦဓမ္မိတိက္ခ၊ ဦးဌေးရဲထွန်း ခေါ် ဦးနန္ဒသီရိနှင့် ဦးဇော်မင်းထက် ခေါ် ဦးစန္ဒိမာတို့လည်း လွတ်မြောက်လာကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က အတည်ပြု ထုတ်ပြန်သည်။ အသက်အကြီးဆုံး သီလရှင်အကျဉ်းသားဖြစ်သော ဒေါ်ပုဏ္ဏာမိ (အသက် ၈၀ နှစ်)ကိုလည်း အာဏာပိုင်များက လွှတ်ပေးလိုက်သည်။

မဂ္ဂင်ကျောင်းတိုက်နာယကဆရာတော် ဦးအိန္ဒကသည် အကျဉ်းကျခံနေရဆဲဖြစ်သည်ဟု လူ့အခွင့်အရေး လေ့လာသူများက ယုံကြည်လျက်ရှိသည်။ ထို့ပြင် ၂၀၀၇ ခုနှစ်တွင် အဖမ်းခံခဲ့ရသော ဦးစန္ဒာဝရအပါအဝင် အခြားရဟန်းတော်များပါ ထောင်ထဲမှာရှိနေသေးသည် ဟု ၎င်းတို့ ယုံကြည်ယူဆထား၏။

ဧရာဝတီတိုင်း ဟင်္သာတထောင်တွင် ထောင်အာဏာပိုင်များက အကျဉ်းသားတစ်ယောက်ကို ဘုန်းကြီး ဦးကေလာသအား ရိုက်နှက်ရန် အမိန့်ပေးခိုင်းစေခဲ့သည်။ ဦးကေလာသက ထောင်ဝတ်စုံကို ဘုန်းကြီးသင်္ကန်းဝတ်သည့်ပုံစံဖြင့် ဝတ်ဆင်သဖြင့် အပြစ်ယူပြီး ရိုက်နှက်ခြင်းဖြစ်၏။ ဦးကေလာသကို စက်တင်ဘာ ၂၀၀၇ ဆန္ဒပြပွဲအပြီးတွင် ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၃၅ နှစ် ပြစ်ဒဏ်ပေးထားသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် သီတာသရဖူကျောင်းမှ ဘုန်းကြီးဦးအာနန္ဒ အင်းစိန်ထောင်ထဲတွင် ပျံလွန်တော်မူသည်။ ဆရာတော်၏ သက်တော်က ၆၁ နှစ်။ မည်သည့်အကြောင်းကြောင့် အနိစ္စရောက်သည် မသိရ။

၂၀၀၉ ခုနှစ် ဇန်နဝါရီတွင် ဦးဂမ္ဘီရကို မန္တလေးအိုးဖို အကျဉ်းထောင်မှ စစ်ကိုင်းတိုင်း ခန္တီးထောင်သို့ ပြောင်းရွှေ့လိုက်သည်။ ခန္တီးသည် ရန်ကုန် မြောက်ဘက် မိုင် ၁၂၀၀ ခန့်ကွာဝေး၏။ ခန္တီးမပို့ခင် ရက်သတ္တတစ်ပတ်ခန့်တွင် ဦးဂမ္ဘီရ အစာငတ်ခံ ဆန္ဒပြသည်ဟု ကြားသိရ၏။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အာဏာပိုင်များက စွဲချက်ပေါင်းမြောက်မြားစွာဖြင့် ပြစ်မှုမြောက်သည်ဟု ဦးဂမ္ဘီရအား စီရင်ချက်ချခဲ့သည်။ ပြစ်မှုများတွင် အီလက်ထရွန်းနစ် ဆက်သွယ်ရေးဥပဒေ၊ လူဝင်မှုဥပဒေ၊ တရားမဝင်အသင်းအဖွဲ့ဥပဒေစသည်တို့နှင့် ငြိစွန်းမှုပါဝင်သည်ဟု ဆို၏။ ဦးဂမ္ဘီရကို ထောင်ဒဏ် ၆၈ နှစ် အပြစ်ပေးလိုက်သည်။ ဦးဂမ္ဘီရ၏ ညီလည်း စွဲချက်မပါဘဲ ၂၀၀၈ ခုနှစ် ဇန်နဝါရီအထိ ထိန်းသိမ်းခံရသည်။ သူ့ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ဖမ်းဆီးခဲ့ပြီး သူ၏ ညီငယ် ကိုအောင်ကျော်ကျော်ကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဖမ်းဆီးခဲ့သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီတွင် ရန်ကုန်မြို့၌ နေအိမ်ကို ခရစ်ယာန်ဘုရားကျောင်းပြုလုပ်ထားသော ဘုရားကျောင်းများတွင် အချိန်မှန်ဝတ်ပြုပွဲများကို ရပ်လျှင်ရပ်၊ မရပ်လျှင် ၎င်းနေအိမ်ဘုရားကျောင်းများကို ပိတ်ပစ်မည်ဟု အာဏာပိုင်များက ခြိမ်းခြောက်ခဲ့သည်ဟု သတင်းထွက်ပေါ် ပျံ့နှံ့ခဲ့သည်။ ထို့ပြင် ၎င်းနေအိမ်ဘုရားကျောင်း ဦးဆောင်ပုဂ္ဂိုလ်များအား ဆက်လက်ပြီး ဘုရားမရှိခိုးတော့ပါဟု ကတိပြုလက်မှတ်ထိုးရန် အာဏာပိုင်များက အတင်းအကျပ်စေခိုင်းခဲ့သည်။ ရန်ကုန်မြို့တွင် အနည်းဆုံး နေအိမ်ဘုရားကျောင်း ရှစ်ကျောင်းပိတ်ပစ်လိုက်ရသည်။ နိုင်ငံခြားတွင် ထွက်ပေါ်သော သတင်းစာ သတင်းများအရ ရန်ကုန်တွင် မူဆလင် မော်လဝီများလည်း လူနေအိမ်များတွင် ကိုရ်အန်ကျမ်းစာဖတ်ဝတ်ပြုဆုတောင်းပွဲ ဆက်မလုပ်ရဟု ခရစ်ယာန်များနည်းတူ ပိတ်ပင်ခံရသည်ဟု သိရှိရသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် အစိုးရက သံဃာတော်များ အပါအဝင် နိုင်ငံရေးလှုပ်ရှားသူ အတော်များများကို ပြစ်ဒဏ်အမျိုးမျိုး ချမှတ်ခဲ့သည်။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ (အိပ်ချ်အာရ်ဒီပီ) ၏ သတင်းပေးချက်အရ ဦးသဒ္ဓမ္မကို စက်တင်ဘာ ၂၀၀၇ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည်ဟူသော စွဲချက်ဖြင့် ထောင်ဒဏ် နှစ်နှစ်အပြစ်ပေးခဲ့သည်။ ထို့ပြင် ငွေကြာယံကျောင်းတိုက်မှ ဘွဲ့အမည်မသိရသော သံဃာတော် ခြောက်ပါးကိုလည်း အာဏာပိုင်များက ထောင်ဒဏ် ၁၁ နှစ်ခွဲ အပြစ်ပေးလိုက်သည်။ ဆန္ဒပြပွဲအပြီး လိုက်လံဖမ်းဆီးပွဲတွင် လုံခြုံရေးတပ်များက ငွေကြာယံကျောင်းတိုက်ကို အရဏ်မတက်မီ စီးနင်းဝင်ရောက်ခဲ့ပြီး သံဃာအပါး ၇၀ ခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။ ငွေကြာယံကျောင်းတိုက်ကို လာရောက်ကြည့်ရှုသော သတင်းစာဆရာများ၊ သံတမန်များက ဝါးရင်းတုတ်များ၊ အဓိကရုံးနှိမ်နင်းရာ၌သုံးသော ကျည်များ၊ ပြတင်းမှန်အကွဲအစများ၊ ဘုန်းကြီးအိပ်ဆောင်ကြမ်းပြင်ပေါ်၌ သွေးအိုင်များကို တွေ့မြင်ကြရသည်။

ထို့ပြင် ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် နိုင်ငံတကာသတင်းစာလောကနှင့် ပြည်ပရောက်သတင်းမီဒီယာတို့၏ သတင်းပေးပို့ချက်အရ မူဆလင်ရေးရာ လှုံ့ဆော်သူ ကိုးဦး ရခိုင်ပြည်နယ်တွင် ထောင်ဒဏ်အပြစ်ပေးခံရသည်ဟု သိရ၏။ သို့သော် ၎င်းသတင်းကို အတည်ပြု၍မရပါ။

၂၀၀၈ ခုနှစ်အတွင်း စက်တင်ဘာ ၂၀၀၇ ဆန္ဒပြပွဲနှင့် နိုပ်ကွပ်ပွဲကြီးနှစ်ပတ်လည်မတိုင်မီ ရက်သတ္တပတ်များတွင် လုံခြုံရေးတပ်ဖွဲ့များ ရန်ကုန်နှင့် မန္တလေးရှိ ဘုန်းကြီးကျောင်းအချို့၌ ဝင်ရောက်တပ်စွဲခဲ့သည်။ အလားတူ ရခိုင်ပြည်နယ်၌လည်း ဒီမိုကရေစီတောင်းဆိုသော လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသော ဘုန်းကြီးကျောင်းများတွင် လာရောက်တပ်စွဲသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာအတွင်း စက်တင်ဘာ ၂၀၀၇ ဆန္ဒပြပွဲနှစ်လည်မတိုင်မီ တစ်ရက်အလိုတွင် တိုင်းသံဃာ့မဟာနာယကအဖွဲ့က မကွေးတိုင်း ချောက်မြို့တွင် ညွှန်ကြားချက်တစ်ရပ်ထုတ်ပြီး သံဃာအားလုံး နိုင်ငံရေးကိစ္စတွင် မပါဝင်ကြရန် တားမြစ်သည်။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မာလာရုံကျောင်းတိုက်ကို အာဏာပိုင်များဝင်ရောက်စီးနင်းခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က သတင်းပေးသည်။ နံနက်စောစောတွင် လူ ၂၀ ခန့် ကျောင်းထဲဝင်လာပြီး ဘုန်းတော်ကြီးများကို ကြမ်းပြင်ပေါ် လျောင်းခိုင်းကာ ကျောင်းအတွင်း ရှာဖွေသည်။ ကျောင်းထိုင်ဆရာတော်ကို ဖမ်းခေါ်သွားသည်ဟု ဆိုသည်။ ရက်အနည်းငယ်ကြာသောအခါ ဆရာတော်က ထိုသတင်းမဟုတ်မှန်ပါဟု ငြင်းဆို၏။

ရန်ကုန်သာစုကျောင်းတိုက်မှ ဘုန်းကြီးနှစ်ပါး၊ ဦးဓမ္မသာရနှင့် ဦးနန္ဒာရတို့ကို ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးမှုကို သက်ဆိုင်ရာက ဝန်မခံပါ။ သို့သော် ဆန္ဒပြပွဲကြိုတင်ကာကွယ်သည့်အနေဖြင့် ၄င်းဘုန်းကြီးနှစ်ပါးကို ထိန်းသိမ်းထားခြင်းဖြစ်နိုင်သည်ဟု လူ့အခွင့်အရေးလှုပ်ရှားသူများက ယုံကြည်သည်။ ထိုဘုန်းကြီး နှစ်ပါးကို ထိန်းသိမ်းထားဆဲရှိပုံရ၏။

၂၀၀၈ ခုနှစ် ဩဂုတ်ထဲတွင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က အများသိရှိရန် သတိပေးချက်ထုတ်ပြန်၏။ ၄င်းမှာ ၂၀၀၆ ခုနှစ်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမိန့်အရ ရန်ကုန်တိုင်းအတွင်း သံဃာတော်များ ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း ကျောင်းပြင်မထွက်ရဟု သတိပေးခြင်းဖြစ်၏။ သို့သော် ဤအမိန့်ကို လိုက်နာစေရန် အာဏာပိုင်များ အတင်းအကျပ်ပြုလုပ်ခြင်း မရှိပါဟု သတင်းရပ်ကွက်များထံမှ သိရှိရသည်။

၂၀၀၈ ခုနှစ် ဩဂုတ်ထဲတွင် "သာသနာတော်ညှိုးနွမ်းအောင် တမင်ကြံစည်ပြောဆိုသည်" ဟူသော စွဲချက်ဖြင့် သံဃာတော် ကိုးပါးကို ထောင်ဒဏ် နှစ်နှစ်စီအာဏာပိုင်များက အပြစ်ပေးလိုက်သည်။ ဘုန်းကြီးများကို ၂၀၀၈ ခုနှစ် ဇူလိုင် ၁၅ ရက်က ရန်ကုန်ဘူတာကြီးတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်၏။

၂၀၀၈ ခုနှစ် မတ် ၃၀ ရက်တွင် ရခိုင်ပြည်နယ် မောင်တော၌ မူဆလင်ရပ်ရွာလူကြီး ၁၁ ဦးကို စစ်တပ်က ဖမ်းဆီးခဲ့သည်။ အဖမ်းခံရသည့်အထဲတွင် မောင်တောခရိုင် မြန်မာမူဆလင်အဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဆိုလင် ခေါ် ဦးသန်းထွန်း၊ ရပ်ရွာလူကြီး ဒေါက်တာအောင်ထွန်းနှင့် ဒေသခံကုန်သည် ဦးနီရာမတ်တို့ ပါဝင်၏။ အဘယ့်ကြောင့် ဖမ်းဆီးသည်ကို အာဏာပိုင်များဘက်မှ အကြောင်းမပြပါ။ ဒေသခံပြည်သူများထံမှ မီဒီယာသို့ပြောကြားချက်အရ ဒေသတွင်းမူဆလင်နိုင်ငံရေးလှုပ်ရှားမှုကို အစိုးရက ကြည့်မရသောကြောင့် ဖမ်းဆီးခြင်းဖြစ်မည်ဟု သိရ၏။ ဤအစီရင်ခံစာ မှတ်တမ်းကာလကုန်ဆုံးချိန်အထိ ၄င်း ၁၁ ဦး အထိန်းသိမ်းခံနေရဆဲဟု ယူဆရသည်။ သို့သော် သူတို့ကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်၊ အခြေအနေမည်သို့ ရှိသည်ကို သတင်းထုတ်ပြန်ပေးခြင်းမရှိပါ။

၂၀၀၇ ခုနှစ် အောက်တိုဘာတွင် ငွေကြာယံကျောင်းတိုက်မှ သံဃာတော်အပါး ၉၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းပြီး ကမ္ဘာအေးရှိ ကျောင်းတစ်ကျောင်း၌ထားကာ အာဏာပိုင်များက စစ်ဆေးမေးမြန်းခဲ့သည်။ ကိုရင်အတော်များများမှာ အဖမ်းမခံကြရအောင် ကြိုတင်ပြီး ကျောင်းမှထွက်ခွာသွားပြီဖြစ်၏။ အချို့ကိုရင်များကိုလည်း မိဘများက ခေါ်သွားပြီဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် စစ်သားနှင့် ရဲများက ရန်ကုန်မြို့ရှိ ကျောင်းတိုက်ကြီး အနည်းဆုံး ခြောက်တိုက်ကို ဝင်ရောက်စီးနင်းပြီး သံဃာတော် အပါး ၁၀၀ ခန့်ကို ဖမ်းဆီးသွားသည်။ အဖမ်းခံရသည့်အထဲတွင် မဂ္ဂင်ကျောင်းထိုင်ဆရာတော် ဦးအိန္ဒကပါဝင်သည်။

၂၀၀၄ ခုနှစ်မှစတင်ပြီး ယခုအစီရင်ခံသော ကာလအထိ အင်္ဂါဆုတောင်းအဖွဲ့ဟု အမည်တပ်ထားသော ဗုဒ္ဓဘာသာအဖွဲ့က အင်္ဂါနေ့တိုင်း ရွှေတိဂုံဘုရားတွင် စုဝေးပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းကြသည်။ တစ်ခါတစ်ရံတွင် အာဏာပိုင်များက အစိုးရကို ထောက်ခံသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို လက်သုံးပြုပြီး ဆုတောင်းဝတ်ပြုသူများ ဘုရားပေါ်မတက်နိုင်အောင် တားဆီးပိတ်ဆို့သည်။ အင်္ဂါနေ့ဆုတောင်းအဖွဲ့သားများ ဘုရားမုခ်ဝပြင်ပတွင်သာ ဆုတောင်းကြရသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များက ဆုတောင်းအဖွဲ့၏ ဆုတောင်းသံကို လွှမ်းအောင် အော်ဟစ်ကြ၊ လက်ခုပ်တီးကြသည်။

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အင်္ဂါဆုတောင်းအဖွဲ့ခေါင်းဆောင် နော်အုန်းလှကို အာဏာပိုင်များက ခေတ္တဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုနေ့ နှောင်းပိုင်းတွင် သူ့ကို အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်ပြီး ရန်ကုန်မြို့စွန်ရှိ

သူနေထိုင်ရာ ရပ်ကွက်မှ မထွက်ရဟု ခြေချုပ် တစ်နှစ်အမိန့်ချသည်။ နော်အုန်းလှ အင်္ဂါဆုတောင်းအဖွဲ့ကို ဦးဆောင်ခွင့် မရတော့ချေ။

၂၀၀၇ ခုနှစ် ဇန်နဝါရီတွင် ရွှေတိဂုံဘုရားပေါ်တက်ရန် လာသော နော်အုန်းလှနှင့် အင်္ဂါဆုတောင်းအဖွဲ့သားများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်များက နှုတ်ဖြင့် ဆဲရေးတိုင်းထွာပြီး ကိုယ်ထိလက်ရောက်လုပ်ကြသည်။ အရပ်ဝတ်နှင့် လူ ၁၀၀ ခန့်က နော်အုန်းလှကို ဝိုင်းပြီး သူရောသူ့အဖွဲ့သားများပါ "ဒီနေရာက ချက်ချင်းထွက်သွား" ဟု နှင်ထုတ်ကြောင်း မျက်မြင်သက်သေများက ပြောဆိုသည်။ နော်အုန်းလှနှင့် အဖွဲ့သားများက ထွက်မသွားဘဲ ပေကပ်နေသောကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်များက အင်္ဂါဆုတောင်းအဖွဲ့သား အများအပြားကို ဝင်ရောက်ရိုက်နှက်ကြသည် ဟု မျက်မြင်သက်သေများက ဆိုသည်။ အခင်းဖြစ်ပွားရာ နေရာတွင်ရှိနေသော ယူနီဖောင်းဝတ်ရဲများက ဝင်ရောက်တားဆီးခြင်းမပြု။ နော်အုန်းလှက အမှုဖွင့်တိုင်ကြားသော်လည်း တစ်စုံတစ်ရာ စုံစမ်းအရေးယူခြင်းမရှိခဲ့ပါ။

၂၀၀၆ ခုနှစ် ဇူလိုင်တွင် တောင်ကုတ်မြို့နယ် ဦးရွှေမောရွာ ဘုန်းကြီးကျောင်းမှ ဆရာတော်ဦးဝိလာသနှင့် လက်ထောက်ဘုန်းကြီး ဦးသံဃကိသတို့ကို ရခိုင်ပြည်နယ် သံတွဲမြို့မှ အရာရှိများက ဖမ်းဆီးခဲ့သည်။ ဘုန်းကြီးကျောင်းကို ပိတ်လိုက်ပြီး ရဟန်းသာမဏေ ၅၉ ပါးကို နှင်ထုတ်ခဲ့သည်။ ဒေသခံများ၏ အဆိုအရ ဖမ်းဆီးအရေးယူမှုမှာ ဆရာတော်က အစိုးရအရာရှိများ ဆက်ကပ်သော လှူဖွယ်ပစ္စည်းကို လက်မခံ၊ ငြင်းပယ်သည့်ပြင် ဘာသာရေးအခမ်းအနားပင့်ဖိတ်လျှင်လည်း မလိုက်သောကြောင့်ဟု သိရ၏။ အရာရှိများဘက်မှအဆိုမှာ ဆရာတော်သည် ရဟန်းသာမဏေများကို ဒီမိုကရေစီရေး ဟောပြောလေ့ရှိပြီး၊ အင်န်အယ်လ်ဒီကို ထောက်ခံသော ဘုန်းကြီးဖြစ်သောကြောင့် ရပ်ရွာတည်ငြိမ်ရေးအတွက် အန္တရာယ်ပြုနေသဖြင့် ဖမ်းဆီးရပါသည်ဟု ဆိုသည်။ နှစ်အတော်ကြာက ဒေါ်အောင်ဆန်းစုကြည်လာရောက်သည့် ခရီးစဉ်ကိုလည်း ဆရာတော်က ထောက်ခံခဲ့သည်ဟု ဆို၏။

နိုင်ငံအဝန်း ဒေသအများအပြားတွင် အစိုးရအရာရှိများက အစိုးရက ကြီးကြပ်ပြင်ဆင်သော ဘုရားကျောင်းကန်လုပ်ငန်းများအတွက် ငွေကြေး၊ အစားအစာနှင့် အခြားပစ္စည်း လှူဖွယ်များကို ဗုဒ္ဓဘာသာရော ဗုဒ္ဓဘာသာမဟုတ်သူ ဒေသခံများထံမှပါ အတင်းအကြပ် လှူဒါန်းထည့်ဝင်ခိုင်းသည်ဟု ခိုင်ခိုင်လုံလုံ သတင်းများ ဆက်လက်ရရှိနေဆဲဖြစ်သည်။ ကျေးလက်ဒေသများတွင် ဤကိစ္စမျိုး ပိုပြီးများပြားသည်ဆိုသည်။ အစိုးရကမူ ဖွတ်အတင်း လှူဒါန်းခိုင်းခြင်းမရှိပါ။ ဗုဒ္ဓဘာသာဝင်တို့၏ စေတနာအလျောက် လှူဒါန်းမှုသာ ဖြစ်ပါသည်ဟုဆိုသည်။

**အတင်းဘာသာပြောင်းစေခြင်း**

တာဝန်ရှိ ပုဂ္ဂိုလ်များက ဖွတ်အတင်းဘာသာပြောင်းခိုင်းခြင်းကို ရပ်တန့်လိုက်ပုံရသော်လည်း ဗုဒ္ဓဘာသာမဟုတ်သူများကို ဗုဒ္ဓဘာသာထဲဝင်ရန် အခြားနည်းမျိုးစုံဖြင့် ဆက်လက်ဆွဲဆောင်နေကြောင်း အထောက်အထားများ ရရှိထားပါသည်။ တာဝန်ရှိအရာရှိများက ခရစ်ယာန်ချင်းလူမျိုးများကို ဖိအားပေးကာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတက်ခိုင်းပြီး နောင်အခါ ဗုဒ္ဓဘာသာထဲဝင်ခိုင်းသည်။ ဒေသခံအာဏာပိုင်များက ဗုဒ္ဓဘာသာဝင်များသာ တက်ရောက်သင်ကြားခွင့်ရှိသော အစိုးရကျောင်း တည်ထောင်ထားသည်ဟု ခရစ်ယာန်ချင်းများက ပြောဆိုသည်။ ထိုကျောင်းမှ အောင်မြင်သူများကို အစိုးရအလုပ်ပေးမည်ဟုလည်း အာမခံထားသည်ဟု ဆိုသည်။ ထိုကျောင်းတက်ခွင့်ရရှိရန်အတွက် ခရစ်ယာန်များ ဗုဒ္ဓဘာသာအဖြစ် ဘာသာပြောင်းကြရသည်။ အစိုးရအရာရှိများက ခရစ်ယာန်ချင်းကလေးများကို ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းပို့ပြီး ဘာသာရေးသင်ကြားသည်။ ထို့ပြင် ကလေးမိဘများ သဘောတူညီချက်မပါဘဲ ကလေးများကို ဗုဒ္ဓဘာသာဝင်စေသည်ဟု ပြည်ပြေးချင်းလူမျိုး လူ့အခွင့်အရေး လှုပ်ရှားသူတစ်ယောက်က ပြောသည်။ ရရှိသောသတင်းများအရအလားတူနည်းလမ်းများသုံးပြီး စစ်ကိုင်းတိုင်းတွင်လည်း နာဂတိုင်းရင်းသားများကို ဗုဒ္ဓဘာသာထဲ ဝင်အောင် အစိုးရက လုပ်ကိုင်နေပုံရသည်။

အမေရိကန်ပြည်ထောင်စုမှ လျှို့ဝှက်ဖမ်းဆီး၍ဖြစ်စေ တရားမဝင်သော အခြားနည်းလမ်းဖြင့်ဖြစ်စေ နိုင်ငံပြင်ပရောက်နေသော သို့မဟုတ် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခွင့် မရှိသော အရွယ်မရောက်သေးသည့် အမေရိကန်ကလေးသူငယ်များကို အတင်း ဘာသာပြောင်းခိုင်းသည်ဆိုခြင်းမျိုး သတင်းပေးပို့ချက်မရှိပါ။

## အပိုင်း ၃။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် လူထု၏လေးစားမှုအခြေအနေ

ဗုဒ္ဓဘာသာဝင်များကို ဦးစားပေးခြင်း၊ အာရုတောင်ပိုင်းသားများအပေါ် တူတူတန်တန် မဆက်ဆံခြင်းသည် လူ့အဖွဲ့အစည်းအတွင်း လူများစု ဗုဒ္ဓဘာသာဝင်များကတစ်ဖက်၊ ခရစ်ယာန်နှင့် မူဆလင်လူနည်းစုကတစ်ဖက် လူမှုရေးအားဃာတ ဖြစ်ပေါ်ခြင်းတွင် အကြောင်းရင်းဖြစ်သည်။ ဂျူးလူမျိုးဆန့်ကျင်ရေးရှိသည်ဟူ၍ကား သတင်းမရရှိပါ။

အနည်းငယ်သာရှိသော ပုဂ္ဂလိကပညာသင်ကျောင်းများနှင့် ၄င်းတို့သင်ကြားသော သင်ရိုးကို အစိုးရက တင်းကျပ်စွာ ထိန်းချုပ်ထားသည်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် တွဲဖက်ကျောင်းများ၊ ခရစ်ယာန်ကျမ်းစာသင်ကျောင်းများ၊ မဒရပ်ဆာ မူဆလင်ဘာသာရေးကျောင်းများအပေါ်လည်း အလားတူထိန်းချုပ်မှုများ လုပ်သည်။ ယခုအစီရင်ခံစာ အကျုံးဝင်သော ကာလအတွင်း အစိုးရက ကိုယ်ပိုင်ကျူရှင်သင်တန်းများကို ဖယ်ရှားတိုက်ဖျက်ပြီး ထိုစနစ်ကွယ်ပျောက်စေရန် ကြိုးပမ်းခဲ့သည်။ အင်န်အယ်လ်ဒီကို ထောက်ခံသူ ကျူရှင်ဆရာ အောင်ဖေသည် ထောင်ထဲမှာပင် ရှိနေသေးပြီး ကျန်းမာရေးချို့တဲ့နေသည်ဟု သတင်းရ၏။ ၂၀၀၅ ခုနှစ် ကျူရှင်ဥပဒေကို ချိုးဖောက်သည်ဟူသော စွဲချက်တင်ပြီး သူ့ကို ထောင် သုံးနှစ်ချထားခြင်းဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) မှ ဗုဒ္ဓဘာသာဝင်များက ခွဲထွက်ပြီး အစိုးရကို ထောက်ခံသော ဒီကေဘီအေ (ကရင်ဗုဒ္ဓဘာသာဒီမိုကရက်တစ်တပ်ဦး) ကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ ထိုအချိန်မှစပြီး ဒီကေဘီအေနှင့် အစိုးရကို တိုက်ခိုက်နေသော ခရစ်ယာန်လူများစုပါဝင်သည့် ကေအင်န်ယူအကြား လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်လျက်ရှိသည်။ ဒီကေဘီအေထဲတွင် ခရစ်ယာန်များလည်း ပါဝင်သည်ဟု အဆိုရှိပြီး ကေအင်န်ယူထဲတွင် ဗုဒ္ဓဘာသာဝင်အများအပြား ပါဝင်လျက် ရှိသော်လည်း ဒီကေဘီအေနှင့် ကေအင်န်ယူပဋိပက္ခမှာ ဘာသာရေးအကြောင်းရင်းအဓိကပါဝင်နေသည်။ ခရစ်ယာန်အဖြစ် ဘာသာပြောင်းသော ရွာသားများကို ဒီကေဘီအေ ရွာထဲမှ နှင်ထုတ်နေဆဲဖြစ်သည်ဟု သတင်းထွက်ပေါ်လျက် ရှိသော်လည်း ထိုသတင်းကို အတည်ပြု၍မရပါ။

## အပိုင်း ၄။ အမေရိကန်အစိုးရ၏မူဝါဒ

ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုဝေးခွင့်၊ ခရီးသွားလာခွင့်နှင့် သံတမန်များခရီးသွားလာခွင့် အပါအဝင်ကို အစိုးရက ကန့်သတ်ချုပ်ချယ်ထားပါသည်။ ထို့ကြောင့် ဘာသာရေးလွတ်လပ်ခွင့်အပါအဝင် လူ့အခွင့်အရေးကိစ္စသတင်းများကို တိတိကျကျ မှန်မှန်ကန်ကန် အချိန်နှင့်တစ်ပြေးညီရရှိရန် ခက်ခဲပါသည်။ ချိုးဖောက်မှုသတင်းများကို ၄င်းကိစ္စဖြစ်ပေါ်ပြီး လပေါင်းအတော်ကြာ၊ တစ်ခါတလေ နှစ်နှင့်ချီကြာမြင့်ပြီးမှ သတင်းရရှိတတ်သည်။ သတင်းမှန်မမှန်စုံစမ်းရန်လည်း မကြာခဏ အခက်ကြုံရသည်။ အတည်ပြုချက်ရာ၍ မရသည်လည်း ရှိ၏။

အမေရိကန်အစိုးရက လူ့အခွင့်အရေး မြှင့်တင်ပေးရန် ၄င်း၏ ယေဘုယျမူဝါဒကို ကျင့်သုံးခြင်းအဖြစ် လူမှုဆက်ဆံရေး ကဏ္ဍတိုင်းတွင် ဘာသာရေးလွတ်လပ်ခွင့်ကို အားပေးလုပ်ဆောင်လျက်ရှိပါသည်။ ယခုအစီရင်ခံသော ကာလအပိုင်းအခြားတွင် သံရုံးဝန်ထမ်းများက အစိုးရနှင့် စစ်ဘက်အရာရှိများနှင့်လည်းကောင်း၊ အရပ်သားနိုင်ငံသားများ၊ စာပေပညာရှင်များ၊ အခြားအစိုးရ များကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များအပြင် နိုင်ငံပေါင်းစုံမှ စီးပွားကုန်သွယ်လုပ်ငန်းရှင်များနှင့် သတင်းလောကသားများနှင့် လည်းကောင်း ဘာသာရေးလွတ်လပ်ခွင့်မြှင့်တင်အားပေးရေး၏ အရေးကြီးပုံကို ဆွေးနွေးခဲ့ပါသည်။ သံရုံးကိုယ်စားပြုသူများက ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဂျူးနှင့် မူဆလင်ဘာသာရေးအသင်းအဖွဲ့များ၏ ရှေ့ဆောင်ပုဂ္ဂိုလ်များနှင့် အချိန်မှန် တွေ့ဆုံဆွေးနွေး ခဲ့ပါသည်။ လူနည်းစုထဲမှ ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးကျောင်းများမှ ဆရာများ အပြင် ဘာသာရေးနွယ်သော အခြားအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ လည်းပါဝင်ပါသည်။ ဤတွေ့ဆုံပွဲများတွင် အမေရိကန်သံရုံးယာယီ တာဝန်ခံ၏ နေအိမ်၌ ပုံမှန်ဖိတ်ခေါ်ကျင်းပသော အချင်းချင်းနားလည်သည်းခံရေး တည်ဆောက်မှု ဆွေးနွေးပွဲများလည်း ပါဝင် ပါသည်။

အစိုးရဘက်မှ ပိတ်ပင်တားမြစ်ခြင်းမရှိလျှင် သံရုံးဝန်ထမ်းများက ပြင်ပလောကနှင့် ထိတွေ့ရင်း၊ ခရီးသွားရင်း ဒေသခံ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (အင်န်ဂျီအို) နှင့် ဘာသာရေးခေါင်းဆောင်များကို ကူညီအားပေးထောက်ခံခဲ့ပြီး မိမိတို့နှင့် မထိတွေ့ပါက ပြင်ပလောကနှင့် အဆက်ပြတ်နေမည့် လူ့အခွင့်အရေး လုပ်ဆောင်သော အင်န်ဂျီအိုများ၊ ဘာသာရေး ခေါင်းဆောင် များနှင့် သတင်းပေးသတင်းယူ လုပ်ဆောင်ခဲ့ပါသည်။ သံရုံးက ဖွင့်လှစ်ထားသော အမေရိကန်စင်တာတွင် တိုင်းရင်းသား

လူမျိုးစုများ၊ ဘာသာရေးသင်းဖွဲ့များမှ လူများသည် အင်္ဂလိပ်ဘာသာစကားနှင့် မျက်မှောက်ဖြစ်ရပ်များ လေ့လာရေးသင်တန်းများတွင် တက်ရောက်လေ့လာသင်ကြားကြပါသည်။ အမေရိကန်စင်တာက အမေရိကန်အစိုးရ၏ ကြေညာချက်များ၊ အစီရင်ခံစာများအပြင် အင်န်ဂျီအိုများကထုတ်သော ဘာသာရေးလွတ်လပ်ခွင့်အပေါ် ထိပါးမှုဆိုင်ရာသတင်းများကို ပုံမှန်ဘာသာပြန်ဆိုပြီး လာရောက်သူများသော ၄င်း၏စာကြည့်တိုက်မှ တစ်ဆင့် ဖြန့်ဝေပေးပါသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် လက်တွဲလုပ်ကိုင်နေသော အထောက်အထား လက်မှတ်မဲ့ ရိုဟင်ဂျာများအား ယာယီမှတ်ပုံတင်ထုတ်ပေးသည့် လုပ်ငန်းကို အမေရိကန်အစိုးရက ဆက်လက်အားပေး ထောက်ခံလျက်ရှိပါသည်။ လာဘ်ပေးလာဘ်ယူမပါဘဲ အကြောင်းမဲ့တောင်းဆိုမှုများကင်းပြီး မှန်ကန်မျှတစွာဖြင့် ယာယီမှတ်ပုံတင်များ ထုတ်ပေးရန်ဖြစ်ပါသည်။ ထို့ပြင် ဆရာ၊ ဆရာမလေ့ကျင့်သင်ကြားရေးကိုလည်း ဗုဒ္ဓဘာသာ၊ အစ္စလာမ်နှင့် ခရစ်ယာန်အင်န်ဂျီအိုပေါင်းစုံနှင့် နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံကို “အထူးစိုးရိမ်ပူပန်ရသောနိုင်ငံ” အဖြစ် ပထမအကြိမ် သတ်မှတ်ခဲ့ပြီး ၂၀၀၉ ခုနှစ် ဇန်နဝါရီတွင် ထပ်မံပြီး သတ်မှတ်ခဲ့ပါသည်။ နိုင်ငံပေါင်းစုံတွင် ဘာသာရေးလွတ်လပ်ခွင့် ဥပဒေအရ လုပ်ဆောင်ရန် လိုအပ်ချက်အရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက လက်နက်မရောင်းချရေးတားမြစ်ရေး အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေပုဒ်မ ၄၀၂ (ဂ) (၅) နှင့်အညီ ပြန်တမ်း ၂၂ (အက်ဖ်အာရ် ၁၂၆.၁ [၁]) တွင် ရည်ညွှန်းသည့်အတိုင်း ထုတ်ပြန်သော အမိန့်ဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်သည့်အတွက် မြန်မာနိုင်ငံအပေါ်တွင် အမေရိကန်အစိုးရက ငွေကြေးနှင့် ကုန်သွယ်မှု ပိတ်ဆို့ကန့်သတ်အရေးယူသော တားဆီးမိန့်မျိုးစုံလည်း ပြဋ္ဌာန်းထားပါသည်။ ၂၀၀၈ ခုနှစ်တွင် တွမ်လင်းတော့စ်အုပ်စု၏ ဥပဒေအာဏာသက်ဝင်လာအောင် သမ္မတက လက်မှတ်ထိုး အသက်သွင်းလိုက်သဖြင့်လည်း အထက်ပါပိတ်ဆို့မှုများ ပိုမိုအင်အားရှိလာပါသည်။ မြန်မာနိုင်ငံကို ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများက အကူအညီပေးရေးကိုလည်း အမေရိကန်အစိုးရက သဘောမတူကန့်ကွက်ပါသည်။ အခြားနိုင်ငံအစိုးရများကလည်း အလားတူ အရေးယူဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။ အမေရိကန်အစိုးရက ချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများတွင် မြန်မာနိုင်ငံမှ အမေရိကန်သို့ ပို့ကုန်တင်ပို့မှုပိတ်ပင်ခြင်း၊ ငွေကြေးလွှဲပြောင်းမှု လုပ်ဆောင်မပေးရန် တားမြစ်ခြင်း၊ အစိုးရချင်းပူးပေါင်းဆောင်ရွက်သော အကူအညီရပ်တန့်ခြင်း၊ လက်နက်ရောင်းချမှုပိတ်ပင်ခြင်း၊ ယေဘုယျဦးစားပေးစနစ်အရ အကျိုးခံစားခွင့်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆိုင်းငံ့ထားခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် အမေရိကန်၏ မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်လုပ်ငန်း အထောက်အကူပြု ပို့ကုန်သွင်းကုန်ဘဏ်လုပ်ငန်းကိုလည်း ဆိုင်းငံ့ထားပါသည်။ အမေရိကန်အစိုးရက ကုန်သွယ်ရေးမြှင့်တင်ရန် အားထုတ်မှုကိုလည်း အဆုံးသတ်ထားပြီး၊ ရာထူးမြင့် မြန်မာ အရာရှိကြီးများနှင့် စစ်ဘက်အရာရှိများနှင့် ၄င်းတို့၏ မိသားစုဝင်များကို ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ထားပါသည်။ အမေရိကန်နိုင်ငံရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပိုင် ငွေကြေးနှင့် ပစ္စည်းများကိုလည်း ရယူသုံးစွဲခွင့်မပြုဘဲ ထိန်းသိမ်းထားပါသည်။ ၁၉၉၇ ခုနှစ် မေမှစတင်ပြီး အမေရိကန်နိုင်ငံသားများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အသစ်မလုပ်ရန်လည်း တားမြစ်ထားပါသည်။